တပေါစ ဇေတံ မင်္ဂလ မုတ္တမံ၊ မြိုးမြဲစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ အကြံပြုချက်စာတမ်းပါ ကာကွယ်ရေး၊ လုံခြုံရေး၊ နိုင်ငံခြားရေးကဏ္ဍအလိုက် အသီးသီးဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၂၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ခု ဖြစ်သော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (ယာပုံ)နှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (အောက်ပုံ) (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေး စေတနာအားဖြင့် ဝီရိယစိုက်ထုတ် ကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ယင်းမှတစ်ဆင့် စီးပွားရေးအခြေခံကောင်းများအပေါ်မူတည်ပြီး နိုင်ငံတော်ကြီးပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနိုင်ငံထူထောင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးပြီး နိုင်ငံတော်၏ စားသုံးဆီဖူလုံရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ထားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဇွန်လ ၂၇ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင်-

"ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် စားသုံးဆီဖူလုံမှုအပြင် ပိုလျှံရေးအတွက် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာတိုးချဲ့ စိုက်ပျိုးရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် ဆီအုန်းလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးအပ်ခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကိုလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း"

ဆွေးနွေးမှာကြားသည်။

တနင်္သာရီတိုင်းအတွင်း နေထိုင်လျက်ရှိကြသည့် ပြည်သူများအပါအဝင် ဆီအုန်းလုပ်ငန်းရှင်များ သွားလာမှုအဆင်ပြေစေရေးအတွက် နိုင်ငံတော်က ရှိပြီးလေယာဉ်ကွင်းများအပြင် အက်ဖ်-၂၈ ဆင်းသက်နိုင်မည့် ဘုတ်ပြင်းလေယာဉ်ကွင်းကို ဖွင့်လှစ်ပေးခဲ့ပြီး လမ်းများကိုလည်း ရာသီမရွေးသွားလာနိုင်သည့် လမ်းများ ဖြစ်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဆီအုန်းလုပ်ငန်းရှင်များဆောင်ရွက်လျက်ရှိသော လယ်ယာလုပ်ငန်းခွင် လုံခြုံရေး၊ လုပ်ငန်းသုံးပစ္စည်းများ လုံခြုံရေးနှင့် ထွက်ရှိလာသည့် သီးနှံများလုံခြုံရေး၊ ဆီအုန်းစိုက်ပျိုးရေးနှင့်ပတ်သက်သည့် ယန္တရားတင်သွင်းရေး၊ မျိုးစေ့တင်သွင်းရေး အပါအဝင် လိုအပ်ချက်များကိုလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

လုပ်ငန်းရှင်များအနေဖြင့် ကမ္ဘာ့ဈေးကွက်ရှိပြီး အကျိုးဖြစ်ထွန်းနိုင်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် စီးပွားရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များသည် အဓိကနေရာက ပါဝင်လျက်ရှိသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် အများဆုံး၊ အထိရောက်ဆုံး လုပ်ကိုင်နိုင်သူများဖြစ်သည်။ အတတ်ပညာရှိပြီး စီမံခန့်ခွဲမှုကောင်းသည့် အရင်းအနှီးပြည့်စုံစွာရှိသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် ကျွမ်းကျင်မှုစွမ်းအား၊ စီမံခန့်ခွဲမှုစွမ်းအားနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု စွမ်းအားများအပေါ် အရင်းခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ စီးပွားရေး အင်အားစုအသစ်များဖြစ်သည်နှင့်အညီ မိမိတို့အကျိုး၊ ပြည်သူများ၏အကျိုးနှင့် နိုင်ငံတော်၏အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍတိုင်းတွင် စေတနာအားဖြင့် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၀-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)မြန်မာစာ(ရသစာပေ အရေးအသားအထူးပြု)
(ခ)မွေ့နွန်းရကန်
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း-၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၃၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မွေးနေ့မင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

ပဲခူးတိုင်း (အနောက်ခြမ်း) ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာဗလ၏ သက်တော်(၈၈)နှစ် မွေးနေ့အလှူတော် မင်္ဂလာကို ၁၃၆၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (၄-၇-၂၀၀၄) တနင်္ဂနွေနေ့တွင် ပင့်သံဃာတော် ၁၀၈ ပါးတို့အားဆွမ်းကပ်ခြင်း၊ သင်္ကန်းဒွိစုံ ဆက်ကပ်ခြင်း၊ သီလရှင်များအား လှူဒါန်းခြင်း၊ ဧည့်ပရိသတ်တို့အား ကျွေးမွေးခြင်း အလှူတော်မင်္ဂလာ ကျင်းပမည်ဖြစ်ပြီး ထိုနေ့တွင် ဦးစိန်သာဗလ (ကမ္ဘာ့သာသနာပြု)အဖွဲ့က ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ အံ့ဖွယ် မဉ္ဇူသကလာဘမုနိဘုရားများကို ကြွရောက်လာသော ဧည့်ပရိသတ်များအား (၁၀)ကြိမ်မြောက် ဆရာတော်ကြီးကိုယ်စား စာချဆရာတော်က လှူဒါန်းခြင်း တို့ကို ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ အလုံသင်္ဘောကျင်းအတွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့နံနက် ၉ နာရီခွဲက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်္ဘောကျင်းလွှန်းလမ်းများ အဆင့်မြှင့်တည်ဆောက်နေမှု အခြေအနေ၊ ရေယာဉ်သစ်များ တည်ဆောက်ပေးနိုင်မှုနှင့် ရေယာဉ်ဟောင်းများ ပြန်လည်မွမ်းမံသည့် လုပ်ငန်းများအခြေအနေ၊ ဆက်လက်၍ ရေလုံသင်္ဘောကျင်းတည်ဆောက်ခြင်းနှင့် ရေချိုဆိပ်ခံတံတားအသစ် ပြန်လည်တည်ဆောက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလုံသင်္ဘောကျင်း၏ လွှန်းလမ်းအမှတ် ၁-၂-၃-၄ များကို တန်ချိန်(၃၀၀) ရေယာဉ်များ လွှန်းတင်ပြင်ဆင်နိုင်မည့် လွှန်းကျင်းအဖြစ် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ အသစ်ထပ်မံ တည်ဆောက်မည့် တန်ချိန်(၅၀၀) ရေလုံသင်္ဘောကျင်း တည်ဆောက်မည့်မြေနေရာ၊ တန်ချိန် (၃၀၀) လွှန်းလမ်းအသစ်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၂၈ ရက်က သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် စာရင်းစစ်ကြေး တစ်သိန်းသုံး သောင်း ကျပ်ပေးအပ်ပွဲကိုသမဝါယမ ဦးစီးရုံးခန်းမတွင်ကျင်းပရာ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်ဦးက မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်နီနီညွန့်သို့ ပေးအပ်စဉ်။ (က-ပ)

ပေးအပ်

ဇွန် ၁၇ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက်မွှာရုံတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ နိုင်ငံသားအရည်အချင်းပြည့်မီသူတစ်ဦး စိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (က-ပ)

ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော စည်ပင်သာယာရေးလုပ်ငန်းကို ပြည်သူသဘောပေါက်နားလည်မှု ပူးပေါင်းပါဝင်လာမည့် ဌာနဆိုင်ရာတာဝန်များကို အမျိုးသားရေးတာဝန်၊ ပြည်သူ့အကျိုးပြုတာဝန်အဖြစ်ခံယူပြီး စိတ်ကောင်းစေတနာဖြင့်ဖြည့်ဆည်းပေး

■ ကျောဖုံးမှ

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကျိုးရလဒ်ကောင်းပေါ်ထွန်း

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြင်းပြသော အာသီသဖြင့် တစ်မျိုးသားလုံးက လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုအချိန်ကာလမျိုးတွင် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ထမ်းဆောင်နေကြသည့် စည်ပင်သာယာရေး အရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုလိုကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် လက်တွေ့ကျသည့် အစီအမံများ၊ ခိုင်မာသော အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ထားပါကြောင်း ပထမဦးစွာ ပြောကြားလိုကြောင်း။

တစ်မျိုးသားလုံးက မျှော်လင့်တောင့်တနေသော ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံး ဒေသများဖြစ်သည့် မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြန့်ကြက်တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်း အားထုတ်မှုများကပါ ကဏ္ဍတစ်ရပ် အနေဖြင့် ပါဝင်လျက်ရှိသည်ဟု စည်ပင်သာယာရေးအရာရှိတိုင်းက ခံယူထားကြရန် ပြောကြားလိုကြောင်း။

ဩဇာလောင်းရိပ်အောက်သွင်း

ယနေ့နိုင်ငံတကာမျက်နှာစာမှာ ဖွံ့ဖြိုးပြီး နိုင်ငံကြီးအချို့သည် ကမ္ဘာ့နိုင်ငံများအကြား တည်ရှိနေပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ ခနအင်အားနှင့် နည်းပညာကွာခြားမှု၊ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကွာခြားမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းလာအောင် စီမံဖန်တီးရင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးခြယ်လှယ်လိုမှုဖြင့် ဖိအားပေးအကျပ်ကိုင်မှုအမျိုးမျိုး၊ ခွဲခြားဆက်ဆံမှုအသွယ်သွယ်ဖြင့် သူတို့၏ဩဇာအာဏာလောင်းရိပ်အောက်ကို ရောက်ရှိအောင် အတင်းသွတ်သွင်းနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေကြတာတွေ ကြုံတွေ့နေရကြောင်း။

ယခုလိုအခြေအနေ အချိန်အခါမျိုးတွင် မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့်သာ မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုး တိုးတက်လာစေရန် မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံကြီးအချို့၏ ဩဇာအာဏာလောင်းရိပ်အောက် ကျဆင်းရောက်ရှိမည့် အန္တရာယ်က ကင်းဝေးပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများလည်း ပိုမိုခိုင်မာတောင့်တင်းလာမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါမှာ မိမိနိုင်ငံ၊ မိမိလူမျိုးဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မြင့်မားခိုင်မာစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာထည်ဝါခိုင်ခန့်မှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့ကို ခိုင်မာသည်ထက် ခိုင်မာစေရအောင် ကြိုးပမ်းတည်ဆောက်နေခြင်းလည်းဖြစ်သည်ဟု ခံယူထားကြရမှာဖြစ်ကြောင်း။

ထာဝရရပ်တည်

အလားတူပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက် သမိုင်းနှင့်ချီပြီး ပြည်နယ်နှင့်တိုင်း (၁၄)ခုဖြင့် ဖွဲ့စည်းဖြစ်တည်နေသလို ထိုပြည်နယ်နှင့်တိုင်း (၁၄)ခုမှာလည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းတစ်ရာကျော်သည် ပေါင်းစည်းယှက်နွယ်ပြီး ပြည်ထောင်စုလေးများသဖွယ် ဖြန့်ကြက်နေထိုင်လျက်ရှိသည့်အားလျော်စွာ ပြည်နယ်နှင့်တိုင်းဒေသများအားလုံး ဟန်ချက်ညီညီ မျှမျှတတ တိုးတက်ဖြစ်ထွန်းစေရအောင် အလေးထားစီမံဆောင်ရွက်ရင်း ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မှသာလျှင် စည်းလုံးညီညွတ်သော၊ ခိုင်မာတောင့်တင်းသော ပြည်ထောင်စုကြီးအဖြစ် ခံ့ညားထည်ဝါစွာ အစဉ်ထာဝရရပ်တည်နိုင်မှာဖြစ်ကြောင်း။

ဤသဘောထားခံယူချက်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာမှုစွမ်းအား၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်စွမ်းအား၊ အထူးသဖြင့် ပြည်ထောင်စုကြီး၏ အရေးအပါဆုံးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ထားနိုင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ယခုလို ကြိုးပမ်းဆောင်ရွက်နေမှု နှင့် ပတ်သက်ပြီး နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုဇွန်လအတွင်း ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဩဝါဒစကား မြွက်ကြားရာမှာ–

“ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေးမှာ နိုင်ငံတော် တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့ဟာ အခြေခံလိုအပ်ချက်များဖြစ်တယ်၊ ဒါကြောင့် နိုင်ငံတော်ရဲ့ လက်ရှိကာလဟာ ခေတ်မီနိုင်ငံတော်သစ်အတွက် ဖွံ့ဖြိုးရေးတည်ဆောက်မှုကာလကို ဖြတ်သန်းနေရတာဖြစ်တယ်၊ အခြေခံအဆောက်အအုံ တောင့်တင်းခိုင်မာမှသာအမျိုးသားစီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်တယ်။”

“နိုင်ငံတော်အစိုးရရဲ့ဖွံ့ဖြိုးရေး အခြေခံမူဟာ နိုင်ငံတစ်ဝန်းလုံးညီမျှတဲ့ ဖွံ့ဖြိုးရေးကိုရှေးရှုထားတယ်၊ ဒါကြောင့်လဲ တစ်နိုင်ငံလုံးမှာဖွံ့ဖြိုးရေး ဒေသကြီး ၂၄ ခုသတ်မှတ်ပြီး အခြေခံလိုအပ်ချက်များကိုတည်ဆောက်လျက် ရှိတယ်၊ နိုင်ငံတော်ရဲ့လူဦးရေအများစု နေထိုင်ရာ ကျေးလက်ဒေသရဲ့အခြေခံလိုအပ်ချက်တွေကိုလဲ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိတယ်”လို့ မိန့်ကြားခဲ့ကြောင်း။

အားကြိုးမာန်တက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံးဖြန့်ကြက်လွှမ်းခြုံပြီး ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရအောင်၊ ပြည်ထောင်စုကြီးတစ်ရပ်လုံးဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်စေရအောင်၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရအောင် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်စီမံကိန်းများ စနစ်တကျ ချိတ်ဆက်ပေါင်းစပ်ပြီး အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက် စည်ပင်သာယာရေးအရာရှိများအားလုံးက မိမိတို့၏ပင်မလုပ်ငန်းတာဝန်များဖြစ်သည့်မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆက်စပ်ပြီး အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် စည်ပင်သာယာရေးအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ မှာကြားစဉ်။ (မြန်မာ့အလင်း)

အမှန်တကယ်အားဖြင့်လည်း စည်ပင်သာယာရေးအရာရှိများ၏ ပင်မလုပ်ငန်းတာဝန်များဖြစ်သည့် မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အထူးဒေသကြီး ၂၄ ခု၏ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တို့မှာ ယှဉ်တွဲပါဝင်ထားပြီးလည်းဖြစ်သည့်အတွက် ဤဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏မူဘောင်အတွင်းမှာမိမိတို့၏ပင်မ လုပ်ငန်းများကိုအံဝင်ခွင်ကျချိတ်ဆက်ပြီးအထူးပြုဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အလေးထားထမ်းဆောင်

အထူးသဖြင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးငါးရပ်မှာပါဝင်သည့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်းများကို မိမိတို့၏အဓိကလုပ်ငန်းများအဖြစ် အလေးထားထမ်းဆောင်ကြဖို့ တာဝန်များပေးအပ်ထားပြီးဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

သာခ ခေါ်သံများ

❊ ကျေးလက်များဖွံ့ဖြိုး ပွားတိုးသည့်လူမှု
အခြေပြုစီးပွား ခံ့ညားထည်ဝါလှ
သာသနာ့အမွေခံ စည်ဗျောသံဝေဆာ
ဒို့ရွာကလူထု ရှင်ပြုလိုက်ကြသေး။

❊ စိုက်ပျိုးမှုအဖုံဖုံ ဖူလုံလို့ပိုဝမ်းစာ
ကြိုက်ရာရွေးကာစိုက် ဈေးလိုက်လို့ထမြောက်
နွေပေါက်လို့စပါးပေါ် မနော်ဟရီ မိုးကာလ
ပျိုးချကာ တစ်ပြန်စိုက် တိုက်ဆောက်လိုက်ကြသေး။

❊ လမ်းတကာပြင်ကြ သွင်သွင်ကျမြစ်အစင်း
တံတားခင်းအလုံးစုံ ခရီးကြုံပြည်တစ်ခွင်
လာချင်လျှင်အနီးလေး ကျန်းမာရေးအထူးနော်
အရေးပေါ်ကုသက ဘာမျှအချိန်မကြာ
ဒို့ရွာကလူထု သာခုခေါ်လိုက်ကြသေး။

❊ ဖွံ့ဖြိုးရေးငါးရပ် နှံ့စပ်အောင်လုပ်ကာ
ပညာရှာမြို့မတက် ကွာဟချက်ကျဉ်းကာ
မီဒီယာသင်လို့ကြား မိဘများစိတ်ချမ်းသာ
ဒို့ရွာကလူထု သာခု ခေါ်လိုက်ကြသေး။

❊ တာတမံဆည်ဆောက် ရေသောက်လယ်ယာမြေ
ဝင်ရေမလေလွင့် အဆင်သင့်ရေတံခါး
စပါးနှင့်သီးနှံစုံ ထွက်ကုန်တိုးလို့ဝေ
မြစ်ရေတင်မော်တာစက် ယခင်ထက်ထမ်းပိုးသာ
ဒို့ရွာကလူထု သာခု ခေါ်လိုက်ကြသေး။ ။

ကျော်တင့်

30-6 (03).p65 3 03/24/1905, 8:39 PM

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှည့်လည်ကြည့်ရှုစစ်ဆေး မိုးရာသီကာလလုပ်ကိုင်နိုင်သည့်အပိုင်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေးစီမံကိန်းအရ ဆောင်ရွက်နေသော မြေပေါ် မြေအောက် ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း၊ တိုင်များကွန်ကရစ်လောင်းခြင်း အပါအဝင် ဘိုးပိုင်လုပ်ငန်းများရေ၊ မီး၊ မိလ္လာ စနစ်များအတွက် ပြင်ဆင်ထားမှု၊ ကားရပ်နားရန်နေရာ တည်ဆောက်ရန် စီစဉ်ထားမှု၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့ခြင်းအပါအဝင် နိုင်ငံတကာလေဆိပ်အဆင့်နှင့်အညီ ဝန်ဆောင်မှုပေးရေး အစီအမံများကို ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မူလစီမံကိန်းရည်မှန်းချက်ပါ ကာလအတိုင်း ပြီးစီးရေးအတွက် မိုးရာသီကာလ လုပ်ကိုင်နိုင်သည့် အပိုင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လုပ်ငန်းခွင်အတွင်း ပင်မအဆောက်အအုံတိုင်များ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် ဘိုးပိုင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ လမ်းမတော်ကမ်းနားဒေသ စဉ့်အိုးတန်းဆိပ်ကမ်းမှ ဝါးတန်းဆိပ်ကမ်းအထိ လမ်းတစ်လျှောက် နိုင်လွန်ကတ္တရာခင်းပြီးစီးမှု၊ လူသွား စင်္ကြံများ တည်ဆောက်ပြီးစီးမှု၊ အုန်းပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ အပန်းဖြေခုံတန်းများ တည်ဆောက်ထားမှု အပါအဝင် ကမ်းနားဒေသတစ်လျှောက် အဆင့်မြှင့်မွမ်းမံထားမှုများကိုလည်းကောင်း၊ အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များရှိ ကမ်းနားလမ်းကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပုံစံငယ်

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့ တည်ဆောက်မည့် ပုံစံငယ်ကို တွေ့ရစဉ်။

(သတင်းစဉ်)



မြန်မာနိုင်ငံဆရာဝန်အသင်း၌ ပညာပေးဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ "အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြောပွဲ"ကို ဇူလိုင် ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ ပါမောက္ခဒေါ်သန်းသန်းတင် (ပါမောက္ခ/ဌာနမှူး၊သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)က ဟောပြောမည်ဖြစ်သည်။ ဆရာဝန်များ ဆေးကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့်စတင်ရောင်းချ ကျောက်စိမ်း ၁၂၈ တွဲကို ယူရိုငွေ ၂ ဒသမ ၄ သန်းကျော်ဖိုးဝယ်ယူ

ရန်ကုန် ဇွန် ၂၉

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲအစီအစဉ်အရ ယနေ့နံနက် ၉ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်စတင်ရောင်းချသည်။

ရှေးဦးစွာ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များက တင်ဒါပုံးများထဲ၌ ထည့်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို ဖွင့်ဖောက်စိစစ်ရေးအဖွဲ့ဝင်များက ဖွင့်ဖောက်စစ်ဆေးရာ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၈ တွဲကို တန်ဖိုးယူရိုငွေ ၂၄၄၇၄၈၄ဖြင့် ရောင်းချနိုင်ခဲ့သည်။

ဆက်လက်ရောင်းချ

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ယနေ့ရောင်းချရာသို့ ပြည်ပမှ ရတနာကုန်သည် ၄၇၈ ဦးနှင့် ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည် ၃၇၅ ဦး စုစုပေါင်းရတနာကုန်သည် ၈၅၃ ဦးတို့ တက်ရောက်၍ အပြိုင်အဆိုင်ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈–၆–၂၀၀၄

ဗန်းမော်မြို့	၄ ဒသမ ၀၂ လက်မ
ရေးမြို့	၃ ဒသမ ၆၆ လက်မ
သထုံမြို့	၂ ဒသမ ၁၇ လက်မ
ခန္တီးမြို့	၁ ဒသမ ၇၃ လက်မ
မိုးကုတ်မြို့	၁ ဒသမ ၆၅ လက်မ

ဇွန် ၂၈ ရက်အထိ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၈၅၀ သေဆုံးခဲ့ပြီ

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ်လထဲ၌ စတင်၍ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ရာ၌ စစ်ပွဲစတင်ခဲ့သည်မှ ၂၀၀၆ခုနှစ် ဇွန် ၂၈ရက် တနင်္လာနေ့ရောက်ချိန်ထိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၌ နေ့စဉ်နီးပါးမျှ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၆ခုနှစ် ဇွန် ၂၈ရက် တနင်္လာနေ့ရောက်ချိန်၌ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၈၅၀ ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

ထိုသို့သေဆုံးခဲ့ရာ၌ ၆၂၉ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၂၁ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

အီရတ်၌ ဆင်နွှဲသော စစ်ပွဲပြီးကြောင်း ၂၀၀၃ခုနှစ် မေ ၁ ရက်၌ သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၇၁၂ဦးဖြစ်ပြီး ယင်းအနက် ၅၂၀ မှာ တိုက်ပွဲ၌သေဆုံး၍ ၁၉၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အီရတ်နိုင်ငံ၌ စစ်ပွဲစတင်ခဲ့သည်မှ အမေရိကန်၏ အပေါင်းပါတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ကြရာ ဗြိတိသျှ ၁၉ ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အယ်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးကြောင်း သိရသည်။ **(အင်တာနက်)**

ဝမ်းနည်းကြေကွဲ

ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည့်အတွက် မိခင်ဖြစ်သူက ဝမ်းနည်းကြေကွဲစွာ ကြည့်ရှုနေသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်ဘက်ပို့ဆောင်ရေး လေယာဉ် ဘဂ္ဂဒက်လေဆိပ်မှ ပျံအတက် ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇွန် ၂၈

အမေရိကန်စစ်ဘက် ပို့ဆောင်ရေးလေယာဉ်သည် ဘဂ္ဂဒက်နိုင်ငံတကာ လေဆိပ်မှပျံတက်ပြီး မကြာခင် အမြောက်ဖြင့် ပတ်ခတ်ခံခဲ့ရကြောင်းသိရသည်။ လေယာဉ်ပေါ်တွင် ပါရှိသူဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုလေးခု တနင်္ဂနွေနေ့ညနေခင်း၌ ဖြစ်ပွားခဲ့သည်။

တိုက်ခိုက်ရေးသမားများက ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ ဌာနချုပ်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဖော်လူဂျာမြို့တွင်လည်း ရဲတပ်ဖွဲ့ယာဉ်တစ်စီးဖြတ်သန်းစဉ် ဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့တစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အလားတူပင် မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲခဲ့ရာ လူငါးဦးဒဏ်ရာရရှိခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်းက အဆိုပါမြို့တွင် ကားဗုံးအများအပြား ပေါက်ကွဲခဲ့မှုကြောင့် လူခြောက်ဆယ်ကျော်သေဆုံးခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

စီးပွားရေးကျပ်တည်းရန် ဝါရှင်တန်ကလုပ်ဆောင်နေ ကျူးဘားပြည်သူများ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဟာဗားနား ဇွန် ၂၇

ကျူးဘားပြည်သူ ၁၀၀၀၀ကျော်သည် အမေရိကန်ပြည်ထောင်စုက ကျူးဘားနိုင်ငံအား မေ ၆ ရက်က ကြေညာခဲ့သည့် လုပ်ဆောင်ချက်များကို ဆန့်ကျင်ကန့်ကွက်ရန် ဆန်တီစပီရီကျူးတတ်ပြည်နယ် အလယ်ပိုင်းဂျာတီဘိုနီကို မြူနီစီပယ်ထရီဘာနားအာဘာယာတာသို့ စနေနေ့က စုရုံးရောက်ရှိလာကြသည်။

ကျူးဘားနိုင်ငံအား နှစ်ပေါင်း ၄၀ ကျော်ကြာ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ကုန်သွယ်မှုများ ခက်ခဲစေရန် ဝါရှင်တန်၏ ဆုံးဖြတ်ချက်ကို အဆိုပါဆန္ဒပြသူကျူးဘားပြည်သူများက ဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

ဆုံးဖြတ်

ပြည်ပရောက် ကျူးဘားများက ယင်းတို့၏ နိုင်ငံရှိ မိသားစုများအား ငွေတင်ပို့မှုလျော့ကျစေရန် ရည်ရွယ်လျက် အစီအမံများကို ဆောင်ရွက်၍ လာမည့်နှစ်နှစ်တွင် အမေရိကန်ဒေါ်လာ ၅၉သန်းထုတ်ပေးမည့်ကိစ္စကို အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်က ဆုံးဖြတ်ခဲ့ကြောင်း၊ အခြားသော ဆောင်ရွက်မှုများအဖြစ် အမျိုးသားစီးပွားရေးကျဆင်းရန်နှင့် သူပုန်ထကြွမှုများ တိုးပွားလာအောင် စီမံဆောင်ရွက်နေသည်ဟူ၍လည်း ဆိုထားသည်။

ဆန့်ကျင်

ကျူးဘားနိုင်ငံသည် ကျူးကျော်သိမ်းပိုက်ခြင်းဖြင့် အနိုင်ရရှိသော စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်ကြောင်း ကျူးဘား သမ္မတ ဖီဒယ်ကက်စ်တရို့စ်က ဇွန် ၂၁ရက်က အသံလွှင့်ပြောကြားခဲ့သည်ကို ဆန္ဒပြသူများက ထောက်ခံ ထုတ်ဖော် ဆန္ဒပြခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

လေကြောင်းမှတိုက်ခိုက်

ဖော်လူဂျာမြို့တွင် အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဇွန် ၂၆ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိပ်အကျဉ်းထောင်၌ ညှဉ်းပန်းနှိပ်စက်မှုများ ဥရောပတိုက်သားတို့ စက်ဆုပ်ရွံရှာကြောင်းဘုရှ်ကိုပြောကြား

နယူးမားကက်-အွန်-ဖာဂတ်စ်(အိုင်ယာလန်) ဇွန် ၂၇

အဘူဂါရိပ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်ညှဉ်းပန်းမှုကြောင့် ဥရောပတိုက်သားများ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကြရကြောင်း အိုင်ယာလန်ဝန်ကြီးချုပ် ဘာတီအာဟန်းက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ကို စနေနေ့က ပြောကြားလိုက်သည်။

အပေါင်းပါတပ်များက အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်မှုကို အိုင်ယာလန်နှင့် ဥရောပပြည်သူများ စက်ဆုပ်ရွံရှာ မုန်းတီးကြောင်း သမ္မတဘုရှ်သည် ကောင်းစွာသတိပြုမိသည်ဟု ဘုရှ်နှင့် နှစ်နိုင်ငံဆွေးနွေးအပြီး၌ ကြေညာချက်ထုတ်ပြန်ရာတွင် အာဟန်က ပြောကြားသည်။

ထိုးနှက်

ယခုနှစ်အစောပိုင်း၌ အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းသည့်ပုံရိပ်များသည် အီရတ်တို့၏ နှစ်သက်လိုလားမှုရရှိရန် အမေရိကန်တို့၏ ရည်ရွယ်ချက်များကို အကြီးအကျယ် ထိုးနှက်ခဲ့သည်။

ဆွေးနွေး

ဥရောပသမဂ္ဂ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သော အိုင်ယာလန်နိုင်ငံ၏ ဝန်ကြီးချုပ်သည် အီးယူ-အမေရိကန် ထိပ်သီးဆွေးနွေးပွဲ၌ ဘုရှ်အား ဧည့်ခံခဲ့ပြီး အီရတ်နိုင်ငံ အရေးကိစ္စသည် ထိပ်ဆုံးမှ ဆွေးနွေးစရာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရေးကြီး

အချုပ်အခြာအာဏာလွှဲပေးရန် နီးလာသည့်ရက်များအတွင်း မိမိတို့စုပေါင်းပြီး ရှေ့သို့ ဆက်လက်လုပ်ဆောင်ရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တူရကီသို့ ဘုရှ်လာရောက်မှုအတွက် လုံခြုံရေးတင်းကျပ်ထားစဉ် ပေါက်ကွဲမှု ဖြစ်ပွား

အင်တယ်လာ(တူရကီ) ဇွန် ၂၈

တူရကီနိုင်ငံတောင်ပိုင်း အပန်းဖြေစခန်းဖြစ်သည့် အလန်ယာတွင် ပြီးခဲ့သည့်စနေနေ့က ဟိုတယ်တစ်ခုတွင် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်ပွား

ယခုဇွန်လ ၂၈ရက်နှင့် ၂၉ရက်တွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ပြုလုပ်မည့် နေတိုးထိပ်သီးအစည်းအဝေးနှင့် စနေနေ့တွင် တူရကီနိုင်ငံသို့ အမေရိကန်သမ္မတဘုရှ် လာရောက်မည့်အစီအစဉ်များကြောင့် လုံခြုံရေးက အထူးသတိထား တင်းကျပ်စွာဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းများကဆိုသည်။

ပြောကြား

အဆိုပါဟိုတယ်မှာ အစ္စတန်ဘူလ်မြို့မှ မိုင် ၃၅၀ အကွာခန့်ရှိ မြေထဲပင်လယ်ကမ်းခြေပေါ်တွင်တည်ရှိသော ဟာတီပေါ့လူဟိုတယ်၌ဖြစ်ပြီး သေဆုံးသူအမျိုးသမီးမှာ တူရကီနိုင်ငံသူတစ်ဦးဖြစ်ပြီး အားလပ်ရက် အပန်းဖြေလာရောက်သူဖြစ်ကြောင်း အလန်ယာမြို့ အရာရှိတစ်ဦးဖြစ်သူ ဂန်းဟင်ဆရီကာယာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကို ၁၃၆၆ခုနှစ် ပထမဝါဆိုလကွယ်နေ့နှင့် ဒုတိယဝါဆိုလဆန်း ၁ရက်(ဇူလိုင် ၁၆၊၁၇ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေကျောင်းတော်ကြီးသို့ ၁၃၆၆ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ရက် (ဇူလိုင် ၁၂ ရက်)အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါရက်တွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၃ မှ

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ၂၀၃၀-၂၀၃၁အထိနှစ်(၃၀) နှစ်ရှည်စီမံကိန်း တစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာပြီးခဲ့သည့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်းမှာစည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့်ကျေးလက်လမ်းလုပ်ငန်းအတွက် ငွေကျပ် ၁၀၀၂ ဒသမ ၄၅သန်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၁၀၀ ဒသမ ၉၅ သန်းကျခံသုံးစွဲခဲ့ပြီး ကျေးလက်လမ်း မိုင်၁၂၄၀ကျော်နှင့် ကျေးလက်တံတားပေါင်း ၂၀၆စင်း တည်ဆောက်ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်ဟုသိရကြောင်း။

သောက်သုံးရေရရှိရေး

ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းများကို ကြည့်လျှင်လည်း ၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်မှစတင်ပြီး (၁၀)နှစ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ပြီးခဲ့သည့်နှစ်အတွင်း စည်ပင်ရန်ပုံငွေကျပ် ၆၉၁ ဒသမ ၉၄ သန်းသုံးစွဲပြီး အပူပိုင်းဒေသတိုင်း သုံးတိုင်းက ကျေးရွာ ၉၆၄ ရွာနှင့် ကျန်ပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၈၇၅ ရွာ စုစုပေါင်းကျေးရွာ ၁၈၃၉ ရွာမှာ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့တာတွေ့ရကြောင်း။

ကျေးလက်ဒေသသန့်ရှင်းသော ရေရရှိရေးလုပ်ငန်းများမှာ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကို အားပေးဆောင်ရွက်နေသည့်အတွက် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၈၁၂ဒသမ ၁၈သန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂ ဒေါ်လာ၊ အက်ဖ်အီးစီ ၁၀၀၁၂နှင့် ယူရိုငွေ ၂၇၀ရရှိခဲ့ပြီး ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်ထိ ကျေးရွာ ၁၁၈၂ရွာမှာ သန့်ရှင်းသောရေရရှိရေးလုပ်ငန်းပေါင်း ၁၃၃၈ခုကို ထိုလှူဒါန်းငွေများဖြင့် ဆောင်ရွက်နိုင်ခဲ့တာတွေ့ရကြောင်း။

ထို့ကြောင့် ၂၀၀၀-၂၀၀၁မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များရန်ပုံငွေ၊ ပြည်တွင်းပြည်ပအလှူရှင်များထည့်ဝင်ငွေများဖြင့် ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်မှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်မှုတို့အပါအဝင် ကျေးရွာပေါင်း ၁၀၆၀၂ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းပေါင်း ၁၅၇၁၅ခု ဆောင်ရွက်ပြီးစီးတာကို တွေ့ရကြောင်း။

အရှိန်အဟုန်မပျက်

စီမံကိန်းလျာထားချက်အရ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၂၃၂၂၅ ရွာရှိသည့်အတွက် ကျေးရွာ ၁၂၆၂၃ ရွာမှာရေရရှိအောင် ဆောင်ရွက်ပေးရန် ကျန်နေသေးတာကြောင့် ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အမှန်တကယ်အားဖြင့် မြို့ပြနှင့် ကျေးလက်များဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုကြီးတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သလို မြို့ပြနှင့်ကျေးလက်များပါဝင်သော မြို့နယ်တစ်ခုလုံးဖွံ့ဖြိုးရေးလုပ်ငန်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ကြောင်း။

စနစ်တကျစီမံ

မြို့ရွာများသန့်ရှင်းသပ်ရပ်သာယာစေရေး၊ မြို့နှင့်ရွာများဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းစေရေး၊ ခရီးလမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေး၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှု လုပ်ငန်းများစနစ်တကျဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုစိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်စေရေး လုပ်ငန်းများကို မိမိတို့နယ်မြေဒေသ လိုအပ်ချက်များအလိုက် စနစ်တကျ စီမံချမှတ်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

လုပ်ငန်းရပ်တစ်ခုချင်းအနေဖြင့် ကြည့်လျှင်လည်း မိမိတာဝန်ယူရသည့်မြို့ကို မြို့အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစေရအောင် သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်သာယာပြီး နေချင့်စဖွယ်ဖြစ်အောင်၊ ကျန်မာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းနေအောင်၊ ဈေးများ၊ စာသင်ကျောင်းများ၊ အပန်းဖြေဥယျာဉ်ပန်းခြံများ၊ အားကစားကွင်းများအပါအဝင် ပြည်သူလူထုအတွက်လိုအပ်သည့်အခြေခံ အဆောက်အအုံများစနစ်တကျ ဖြစ်ထွန်းနေစေရအောင်၊ မြို့ရေပေးဝေရေး၊ လျှပ်စစ်မီးဖြန့်ဖြူးရေးစသော ပြည်သူများအတွက် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်စေရအောင် အမြဲမပြတ်လေ့လာသုံးသပ်တီထွင်ကြံဆပြီး ဝီရိယအားနှင့် စေတနာအားပေါင်းစပ် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အခြေခံလိုအပ်ချက်

အထူးသဖြင့် မြို့ရွာဖွံ့ဖြိုးရေးဆောင်ရွက်နိုင်စေရန် ရသင့်ရထိုက်သောအခွန်ဘဏ္ဍာများအပြည့်အဝရရှိစေဖို့၊ တစ်ချိန်တည်းမှာပင် ပြည်သူများအပေါ် မလိုအပ်ပဲ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့၊ ရရှိသောအခွန်ဘဏ္ဍာကို အလေအလွင့်မရှိခြိုးခြံချွေတာသုံးစွဲပြီး ပြည်သူများအတွက် ထိုက်တန်သော မြို့ရွာဖွံ့ဖြိုးမှုအခြေခံလိုအပ်ချက်များ ပြန်လည်တည်ဆောက်ပေးနိုင်စေရန် အလေးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု ပထမရရှိသည့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်တင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူများထံမှရရှိသော အခွန်ဘဏ္ဍာငွေနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေကိုသုံးစွဲပြီး ပြည်သူများအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပေးရသည့် သဘောတရားကို မေ့ပျောက်မသွားဖို့ မှာကြားလိုကြောင်း၊ ထို့ကြောင့် ပြည်သူများနှင့် အမြဲမပြတ်ထိတွေ့ပြီး ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်ကိုသိမြင် ဖြည့်ဆည်းနိုင်စေရန် မိမိတို့မြို့ရွာ ဖွံ့ဖြိုး ရေးစီမံကိန်း (Town Plan)နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရင်း ပြည်သူများ၏လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ပြည်သူများအပေါ် စေတနာရှေ့ထားစီမံဆောင်ရွက်သွားမှသာ ပြည်သူအများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

ပြည်သူများပူးပေါင်းပါဝင်

ဤသဘောတရားကို သိမြင်နားလည်ပြီး ပြည်သူ့အကျိုးကိုရှေးရှုလျက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်မည်ဆို လျှင် စည်ပင်သာယာရေးလုပ်ငန်းတာဝန်များသည် များစွာမွန်မြတ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည်ကို ပြည်သူအများကပါ နားလည်သဘောပေါက်ကာ မိမိတို့၏လုပ်ငန်းများမှာ ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်လာကြမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိမြို့ရွာဒေသဖွံ့ဖြိုး တိုးတက်ရေး၊ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးနှင့် စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေး အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရအောင် မိမိတို့၏ဌာနဆိုင်ရာ တာဝန်များကို အမျိုးသားရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုတာဝန်များအဖြစ်ခံယူပြီး စိတ်ကောင်းစေတနာမွန် တို့ဖြင့် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်သွားကြပါဟုမှာကြားလိုကြောင်း။

အမျိုးသားရေးတာဝန်ကျေပွန်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာအလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးရှေးရှုပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေးအတွက် စီမံချမှတ်ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများအောင်မြင်ဖြစ်ထွန်းစေရအောင် ဝီရိယနှင့် စေတနာ အားပေါင်းစပ်ပြီး တာဝန်ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးပွားခိုင်ခံ့စေရေးဦးတည်ပြီး မြို့ရွာများ ဖွံ့ဖြိုးတိုးတက်စေရအောင် စည်ပင်သာယာရေးလုပ်ငန်းများဖြင့် အထောက်အကူပြုပေးကြပါ၊**
- **မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းသွားစေရေးအတွက်သော် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေရေးအတွက် သော်လည်းကောင်း စည်ပင်သာယာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရင်း အမျိုးသားရေး တာဝန်ကျေပွန်ကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု ပထမရရှိသည့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးကြည်တင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု ဒုတိယရရှိသည့် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးအောင်သန်းလွင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်းဆုံးမြို့နယ်ဆု တတိယရရှိသည့် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ်းတို့အားလည်းကောင်း၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု ပထမရရှိသည့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသောင်းစိန်၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု ဒုတိယရရှိသည့် ကျောက်ဆည်မြို့နယ်စည် ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးလေးလွင်နှင့် မြို့သာယာလှပရေးအကောင်းဆုံးမြို့နယ်ဆု တတိယရရှိသည့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေတို့အားလည်းကောင်း၊ အကောင်းဆုံးစံပြမြို့နယ်ဆု ပထမရရှိသည့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသောင်းစိန်၊ အကောင်းဆုံးစံပြမြို့နယ်ဆု ဒုတိယရရှိသည့် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးလေးလွင်နှင့် အကောင်းဆုံး စံပြမြို့နယ်ဆု တတိယရရှိသည့် ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်တင်တို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အမျိုးသားဇာတ်ရုံ ဧည့်ခန်းမတွင် ခင်းကျင်းပြသထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးဆုရ မြို့နယ်များ၊ မြို့သာယာလှပရေး အကောင်းဆုံးဆုရမြို့နယ်များနှင့် အကောင်းဆုံးစံပြဆုရမြို့နယ်များ၏ မှတ်တမ်းဓာတ်ပုံများ၊ အထူးစီမံကိန်းများဖြစ်ကြသော အပူပိုင်းဒေသ ရေရရှိရေးစီမံကိန်း၊ ကျေးလက်အိမ်ရာ စီမံကိန်းနှင့် ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှုစီမံကိန်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် အမျိုးသားဇာတ်ရုံ ပရဝဏ်အတွင်း ခင်းကျင်းပြသထားသည့် စည်ပင်သာယာရေးဦးစီးဌာနက တီထွင်ထုတ်လုပ်ထားသော ပေ ၁၂၀၀ အထိ မြေအနက်အမျိုးမျိုးကို တူးဖော်နိုင်သော စက်ရေတွင်းတူးဖော်စက်များ၊ ရွှံ့လျားစက်ပြင်အလုပ်ရုံ ယာဉ်နှင့်ရေပေးရေးလုပ်ငန်းဆိုင်ရာ စက်ယန္တရားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် စန္ဒီဒေဝီအမျိုးသမီးများ ကျန်းမာရေးဝန်ဆောင် သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဗိုလ်မှူးဒေါ်လှခင်(ငြိမ်း)က လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးများ ပြုစုရေးဌာနသို့ အလှူငွေကျပ် ငါးသောင်းကို ဇွန် ၂၈ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ကျေးလက်ဂဝံလမ်းသစ်ဖွင့်လှစ်

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် လေးအိမ်တန်းကျေးရွာတွင် ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် လေးအိမ်တန်း-ဗန်းမော်-ကွမ်းသီးပင် ဂဝံလမ်းသစ်ကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပိုးသတ်ဆေးပက်ဖျန်း

ဒေသခံတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိသည့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဝါစံပြခြံများတွင် ဝါအထွက်ကောင်းရန် ထွန်စက်ဖြင့် ပိုးသတ်ဆေးပက်ဖျန်းနေသည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီးတွင် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် ခဝါရေလှောင်တမံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

ဖောက်လုပ်

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် မင်းတပ်-မတူပီ လမ်းပိုင်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဖောက်လုပ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပုလောချောင်းကူးတံတား

တနင်္သာရီတိုင်း ပုလောမြို့နယ်တွင် ဒေသတွင်း တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှုလွယ်ကူစေရန် ပုလောချောင်းကို ဖြတ်ကျော်တည်ဆောက်ပေးထားသည့် ပုလောချောင်းကူတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များအနက် ရခိုင်ပြည်နယ်မှ ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်)နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်လေ့လာ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Hideaki Kitahara ခေါင်းဆောင်၍ ဂျပန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စစ်သံမှူးများ တက်ရောက်လေ့လာကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုညီလာခံကိုယ်စားလှယ် ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်းက ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မွန်ပြည်နယ်မှ ဒေါ်မြင့်မြင့်ကြူက ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်းမှ ဒေါ်နန်းရီရီသန်းက ဖတ်ကြားတင်ပြစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကိုညီလာခံကိုယ်စားလှယ် တနင်္သာရီတိုင်းမှ ဦးအောင်လင်းလှိုင်က ဖတ်ကြားတင်ပြစဉ်။ **(သတင်းစဉ်)**

ညီလာခံ ကိုယ်စားလှယ်များ

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၈ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၁၆ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အကြံပြုချက်စာတမ်းဖတ်ကြား

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ လူမှုရေးကဏ္ဍကို ညီလာခံကိုယ်စားလှယ် တနင်္သာရီတိုင်းမှ ဦးအောင်လင်းလှိုင်က ဆက်လက် ဖတ်ကြားတင်ပြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းခြင်း၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းခြင်း၊ လွှတ်တော် အဆင့်ဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုကဏ္ဍတို့ကို

ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့နှင့်အတူ ယနေ့ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Hideaki Kitahara ခေါင်းဆောင်သည့် နိုင်ငံခြားစစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာ ရှေးဦးစွာ ညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူက တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍတို့ကို စတင်ဖတ်ကြားတင်ပြသည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန့်ဒွဲဘူက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍကို ဆက်လက်ဖတ်ကြား တင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန့်ဒွဲဘူက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် နေ့လယ်စာသုံးဆောင်ရန် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ဆွေးနွေးအကြံပြုချက် စာတမ်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် မွန်ပြည်နယ်မှဒေါ်မြင့်မြင့်ကြူက ဆက်လက်ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

ညီလာခံ ကိုယ်စားလှယ် စစ်ကိုင်းတိုင်းမှ ဒေါ်နန်းရီရီသန်းက ဆက်လက် ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ၄နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ဇွန် ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သို့ ဖွံ့ဖြိုးစည်းလုံးမှုဖြင့်ချီတက်

မောင်နွယ်စစ်

နိုင်ငံတော်ကြီး အေးချမ်းလုံခြုံတည်ငြိမ်အောင် ဦးစွာကြိုးစားပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်၌ စည်းလုံးကြံ့ခိုင်သော စုပေါင်းအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းနိုင်သော နိုင်ငံတစ်ခုကိုပြပါဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုသာ ပြရပေလိမ့်မည်။

၁၉၈၈ဆူပူဖျက်ဆီးမှုကြီးမှ ရုန်းထွက်လာပြီး တည်ငြိမ်အောင်၊ ဥပဒေစိုးမိုးအောင်၊ ရပ်ရွာအေးချမ်းသာယာအောင် ကျားကုတ်ကျားခဲလုပ်ယူခဲ့ရသည်။ ထိုမှတစ်ဆင့်တက်၍ အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ခဲ့ရာ နိုင်ငံတော်၏ စေတနာမှန်ကန်မှုကြောင့် တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး မိမိတို့ဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးရေးအစီအစဉ်များ၌ အားတက်သရော ပါဝင်လာကြရာ နိုင်ငံတော်သည် ငြိမ်းချမ်းလာခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှုများ အံ့မခန်းရရှိခဲ့သည်။ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ပေါင်းစပ်လိုက်သောအခါ သာယာဝပြောမှုရလဒ်ကြီးကို ဆုပ်ကိုင်နိုင်ခဲ့တော့သည်။

တပ်မတော်က နိုင်ငံတာဝန်ယူရသောအခါ အထက်၌ တင်ပြခဲ့သော ဥပဒေစိုးမိုးမှု၊ ရပ်ရွာအေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုတို့ကို ဦးစွာကြိုးပမ်းခဲ့သည်။ ထို့နောက် ညီအစ်ကိုနောင်ရင်းသွေးချင်းများ၏ စည်းလုံးမှုကို လက်တွေ့ကျသော ဖွံ့ဖြိုးတိုးတက်တည်ဆောက်မှုဖြင့် လမ်းခင်းကြိုးပမ်းခဲ့သည်။ လက်နက်ကိုင်၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုခွန်အား တောင့်တင်းခိုင်မာလာစေခဲ့သည်။

ယနေ့ နိုင်ငံတော်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံခေါင်းဆောင်များသည် နေ့မနား၊ ညမအား ကြိုးပမ်းခဲ့ကြသည်။ ခရီးစဉ်အမျိုးမျိုးကို မရပ်မနား အကြိမ်ကြိမ်ထွက်ခဲ့ကြသည်။ ပြည်တွင်း၌ ငြိမ်းချမ်းရေးခရီးစဉ်၊ ဖွံ့ဖြိုးရေးခရီးစဉ်၊ ပြည်ပသို့ ချစ်ကြည်ရေးခရီးစဉ်များ စဉ်ဆက်မပြတ် သွားခဲ့ကြပုံကို သတင်းများ၌ မောင်နွယ်စစ်တို့ မပြတ်မလပ် မြင်တွေ့ကြားသိနေရသည်။

ဒေသတစ်ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တစ်စုံတစ်ခုတည်ဆောက်ရန် (ဥပမာ-တံတား၊လမ်း၊ စက်ရုံ၊ တက္ကသိုလ်စသည်)နေရာရွေးချယ်ရန် တစ်ခေါက်၊ အုတ်မြစ်ချရာ၊ ပိုင်တိုင်ရိုက်ရာ၊ စတင်ဆောက်လုပ်ရာသို့ တစ်ခေါက်သွားပြီး ကြည့်ရှုညွှန်ပြသည်။ ဆောက်လုပ်၊ ဖောက်လုပ်ဆဲ ကာလတွင် အကြိမ်ကြိမ်သွားရောက်ကြသည်။ လိုအပ်သည်များ ဖြည့်ဆည်းပေးကာ ညွှန်ပြသင့်သည်များ ညွှန်ပြကြသည်။ ပြီးခါနီးတစ်ခေါက်၊ ပြီးခါစတစ်ခေါက်၊ ဖွင့်ပွဲတစ်ခေါက် သွားရောက်ကြည့်ရှုပြီးနောက် ယင်းလုပ်ငန်းက ချောမောစွာ ပြီးစီးသွားမြဲဖြစ်သည်။

အခြားစိုက်ပျိုးရေးနယ်ပယ်၊ စက်မှုနယ်ပယ်၊ ဒေသဖွံ့ဖြိုးရေးနယ်ပယ် အသီးသီး၌ အကြိမ်ကြိမ်အထပ်ထပ် စစ်ဆေးညွှန်ကြား ဖြည့်ဆည်းပေးသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာခြင်း ဖြစ်ပေသည်။

နိုင်ငံတော် အကြီးအကဲ ခေါင်းဆောင်များ၊ တာဝန်ရှိသူများ၏ ထိုဖွံ့ဖြိုးရေး ခရီးစဉ် အချို့အကြောင်း မောင်နွယ်စစ် လေ့လာရေးသားခဲ့သည်။ ဤဆောင်းပါးတွင် ယခုဇွန်လ ၁၁ရက်မှ ၁၄ရက်နေ့အထိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ စစ်ကိုင်းတိုင်းခရီးစဉ်မှာ မောင်နွယ်စစ် ဦးနှောက်တွင် စွဲထင်ကျန်ရစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းအချို့အကြောင်း တင်ပြသွားလိုသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဇွန်လ၁၁ရက်နေ့တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိကြသည်။ ဦးစွာ ကလေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ကလေးတက္ကသိုလ် ဘွဲ့ကြိုတန်း၊ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်တမ်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းများ၊ ကွန်ပျူတာအလုံး ၁၂၀ သင်ကြားနေသော IT ခေါ် သတင်းနည်းပညာ စာသင်ခန်းများပါဝင်သည်။

သုံးထပ်စာသင်ဆောင် သုံးဆောင်၊ စာသင်ခန်းမကြီး လေးဆောင်၊ တိုးချဲ့စာသင်ဆောင် နှစ်ဆောင် တည်ဆောက်ပြီးဖြစ်ကာ ဆက်လက်၍လည်း တိုးချဲ့တည်ဆောက်ဆဲ အဆောင်များရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က **"ချင်းပြည်နယ်မှ ကျောင်းသူကျောင်းသားများ လွယ်လင့်တကူ လက်လှမ်းမီစွာ ပညာသင်နိုင်ကြရန် ကလေးတက္ကသိုလ်ကို ထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊တိုင်းတစ်ခုလျှင် တက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးခြင်းမဟုတ်၊ ပြည်နယ်တစ်ခု၊တိုင်းတစ်ခုမှာပင် လိုအပ်ပါက နှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ လိုအပ်သလို တက္ကသိုလ်များထူထောင်ပေးလျက် ရှိကြောင်း၊ တနင်္သာရီတိုင်း၌ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့ ဖွင့်ပေးကာ ရှမ်းပြည်နယ်၌ တောင်ကြီးတက္ကသိုလ်၊ လားရှိုးဒီဂရီကောလိပ်၊ ကျိုင်းတုံဒီဂရီကောလိပ်၊ ပင်လုံတက္ကသိုလ်တို့ကို လိုအပ်ချက်အပေါ် လိုအပ်သလို ဖွင့်ပေးထားသည်ကို သာဓကဆောင်လိုကြောင်း။**

မိမိတို့သည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ချစ်ခင်ခင်၊ စုစုစည်းစည်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုအစဉ်အလာ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ပြည်နယ်(၇)ခုနှင့် တိုင်း(၇)ခုဖြင့် ဖွဲ့စည်းထူထောင်ထားပြီးသော ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးနွယ်စုအားလုံး၏ အကျိုးစီးပွားကို မျှမျှတတ၊ မှန်မှန်ကန်ကန် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊လူမျိုးတစ်မျိုး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ဖွဲ့တို့အတွက်ကိုသာ အလေးထား ခွဲခြားဆောင်ရွက်ခြင်းမျိုး မဖြစ်သင့်ကြောင်း။

ဤနေရာ၌ မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက် လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ရာတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ပထမဆုံးအဆင့်ဖြစ်သကဲ့သို့ အရေးကြီးဆုံးအဆင့်လည်း ဖြစ်ကြောင်း၊ ယင်းညီလာခံ၌ ပြည်နယ်၊တိုင်းများအလိုက် တိုင်းရင်းသား ကိုယ်စားလှယ်များရော၊ လူထုလူတန်းစား ကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်လျက်ရှိကြောင်း။ ယင်းညီလာခံကြီးအောင်မြင်ရေးအပါအဝင်မူဝါဒလမ်းစဉ် (၇)ရပ်စလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တက္ကသိုလ်ဆရာဆရာမများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် အရေးကြီးကြောင်း"ဖြင့် ရှင်းလင်းပြောကြားသည်။

ကလေးတက္ကသိုလ်ကို ကြည့်ရှုစစ်ဆေးပြီးနောက် ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က **"ကျေးလက်ဒေသအခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသောမြို့ ဖြစ်ရေးအတွက် နီးနွယ်ဆက်စပ်မှုရှိသော သက်ဆိုင်ရာဌာနများ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရေး"**မှာကြားသည်။

ကလေးနည်းပညာကောလိပ်ကို ကြည့်ရှုစစ်ဆေးရာတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က**"နည်းပညာကောလိပ်မှ လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အတတ်ပညာရှင်များသည် အရည်အချင်းပြည့်ဝသော အတတ်ပညာရှင်များ ဖြစ်လာရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးကြရန်"**မှာကြားသည်။

အစိုးရ ကွန်ပျူတာကောလိပ်ကို ဆက်လက်ကြည့်ရှုပြီး ကလေးမြို့ အောင်ဆန်းခန်းမတွင် ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံမှာကြားရာတွင်**"ကလေးခရိုင်၏ တင်ပြချက်များကို အတတ်နိုင်ဆုံးစိစစ်ဖြည့်ဆည်းပေးခဲ့ကြောင်း၊ကလေးဒေသသည် ချင်းပြည်နယ်၏ တံခါးဝ ဖြစ်သကဲ့သို့ အန္တိယနိုင်ငံသို့ ထွက်ပေါက်လည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အချက်အချာကျကြောင်း၊ ထို့ပြင် ကလေးချိုင့်ဝှမ်းသည် စိုက်ပျိုးရေးအတွက် ရေခံ၊ မြေခံကောင်းမွန်သည့် ဒေသဖြစ်၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအားကောင်းပြီး ဆန်ပိုလျှံသောဒေသလည်းဖြစ်သောကြောင့် ချင်းပြည်နယ်အတွက် လိုအပ်သော စားနပ်ရိက္ခာကို ဤဒေသက ပံ့ပိုးထောက်ပံ့လျက်ရှိကြောင်း။**

မိမိဒေသအတွက် ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသည်ဆိုပြီး ကျေနပ်နှစ်သိမ့်နေ၍ မဖြစ်ဘဲ ပိုမိုပိုလျှံသည်ထက်ပိုလျှံအောင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို တိုးမြှင့်ရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိဒေသနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ဒေသကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း ပိုမိုအကျိုးပြုနိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့ တင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေးကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်စားသုံးမှုသည် အရှေ့တောင်အာရှနိုင်ငံများ၌ အများဆုံးဖြစ်နေရာ ဆန်စပါးကို ဖြစ်နိုင်သမျှ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်နေသေးကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသအလိုက် ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှသာ ပြည်တွင်းစားသုံးရန်သာမကပြည်ပသို့တင်ပို့ရောင်းချလာနိုင်မှာဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရန် မိုးစပါးစိုက်ဧကကိုဧကသိန်း၂၀အထိတိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်ပေးထားပြီးဖြစ်၍ ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း" ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ကလေးစက်မှုဇုန်ကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ဇွန်လ ၁၂ရက်နံနက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကလေးမြို့နယ်၌ ကျင်းပသော မြစ်သာတံတား (ကလေးဝ)ဖွင့်ပွဲသို့ တက်ရောက်သည်။ ကလေးဝ ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ ပုလဲမြို့သို့ ဆက်လက်သွားရောက်ကာ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စပါးစိုက်ပျိုးမှု တိုးတက်လုပ်ကိုင်ရန်မှာကြားသည်။ ပုလဲမြို့မှတစ်ဆင့် မုံရွာသို့ ခရီးဆက်သည်။ ထိုမှတစ်ဆင့် ဘုတလင်မြို့နယ် ချင်းတွင်းမြစ် (ရွှေစာရေးအထက်) ရေလှောင်တမံစီမံကိန်းသို့ သွားရောက်စစ်ဆေးသည်။ ယင်းရေလှောင်တမံ တည်ဆောက်ပြီးပါက ရေလှောင်ပမာဏ ၅ဒသမ၅သန်း ဧကပေရှိမည်။ စိုက်ပျိုးမြေဧက ၂၉၀၀၀၀နှင့် ရေအားလျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်ရာ၌ အသုံးပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က **"နိုင်ငံတော်သည် ဓနဥစ္စာ ကြွယ်ဝချမ်းသာမှု မရှိသော်လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားသော ရင်းနှီးမှုပမာဏမှာ များပြားလှကြောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား၊ မြို့ပြနှင့်ကျေးလက်ဒေသအကြား၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှုမရှိစေဘဲ မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာအောင်လုပ်နိုင်မှသာ ရေရှည်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ မြင့်မားသည်ထက် မြင့်မားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုအထောက်အကူပြုစေမှာဖြစ်ကြောင်း၊ မိမိတို့ဒေသနှင့် နိုင်ငံတော်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် စေတနာရှေ့ထား၍ ဝီရိယအား စိုက်ထုတ်ကြိုးပမ်းသွားကြစေလိုကြောင်း"** မှာကြားသည်။

ဇွန်လ ၁၃ ရက်နေ့တွင် အရာတော်မြို့နယ် မကျီးခေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်း ပေးအပ်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ပြီး ကျေးရွာမြစ်ရေတင် စီမံကိန်းကို ကြည့်ရှုကာ စပါးစိုက်ပျိုးရေး တိုးချဲ့လုပ်ဆောင်ရန်မှာကြားသည်။ အရာတော် မြို့နယ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သည့် ကျန်းမာရေး ဆုတံဆိပ်ရဖူးသဖြင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက် ထိန်းသိမ်းမြှင့်တင်ရန် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘိုမြို့သို့ ဆက်လက်သွားရောက်ကာ ရွှေဘိုမြို့ရှိ ရတနာသိင်္ခမြို့တည် အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမင်္ဂလာနန်းတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ ရွှေဘိုမြို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဆန်စပါးပိုလျှံအောင် တိုးချဲ့စိုက်ပျိုးသွားရန်မှာကြားသည်။ ဆက်လက်၍ ဝက်လက်မြို့သို့သွားရောက်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ရေဦး၊ မုံရွာမြို့တို့သို့ ဆက်လက်သွားရောက်ကာ စိုက်ပျိုးရေး၊ ပညာရေးဆိုင်ရာများ မှာကြားသည်။

ဇွန်လ ၁၄ ရက်နေ့တွင် မုံရွာမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ၊ မုံရွာမြို့ ရှေးဟောင်းမြန်မာစာပေရေးရာဌာန၊ မုံရွာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုကာ **"ပြည်ထောင်စုနိုင်ငံတော်ကြီး၌ တိုင်းရင်းသားညီအစ်ကို လူမျိုးနွယ်စုတစ်ရာကျော် စုစည်းနေထိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်နေရန် အရေးကြီးကြောင်း၊ မိမိတို့ လက်ထက်၌ နယ်စွန်နယ်ဖျား၊ နယ်စပ်ဒေသများဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး ကွက်လပ်မကျန် ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်တင်ပေးနိုင်ရန် ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တက်ညီလက်ညီပူးပေါင်း အကောင်အထည်ဖော်ကြရာ၌ ဆရာကြီးဆရာမကြီးများကလည်း ကျရာအခန်းမှ တက်တက်ကြွကြွ ပါဝင်ကြရန်လိုကြောင်း"**ဖြင့် တိုက်တွန်းမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ စစ်ကိုင်းတိုင်းခရီးစဉ်တွင် စစ်ကိုင်းတိုင်း၏ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်နေပုံများ မြင်သိရ၏။ ထို့ကြောင့် ခရီးစဉ်သည် ဖွံ့ဖြိုးရေးခရီးစဉ်၊ တိုင်းရင်းသားချစ်ကြည် စည်းလုံးမှု တိုးတက်ရေးခရီးစဉ်အဖြစ် ရှုမြင်မိပါကြောင်းတင်ပြလိုက်ရပါသည်။ ။

ဇွန် ၂၇ ရက်က ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလှမြိုင်နှင့် ကြည့်မြင်တိုင်မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးစိန်လင်းတို့ ဦးစီးကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ သမဝါယမအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသူကျောင်းသားများပါဝင် ဖြေဆိုကြစဉ်။ (က-ပ)

သမဝါယမနေ့ဂုဏ်ပြု စပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၉

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြမောင်နှင့် ဝန်ထမ်းများ၊သမဝါယမအသင်းများမှဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဇွန် ၁၈ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးမြေနေရာတွင် စပေါင်းသစ်ပင်စိုက်ပျိုးကြပြီး ဇွန်၂၈ရက် နံနက် ၁၀နာရီက မြို့နယ် အတွင်းရှိ သမဝါယမ အသင်း

များ၏ဝင်ငွေခွန်ကြေညာလွှာနှင့်စာရင်း ဌာနမှူး ဦးမြင့်စိုးသို့ စုပေါင်းပေးအပ်စစ်ကြေးများကို မြို့နယ် အခွန်ဦးစီး ကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားစစ်သံမှူးများတက်ရောက်လေ့လာ

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ရောက်ရှိလာရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်လေ့လာ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ တက်ရောက်လေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက ဂျပန်နိုင်ငံစစ်သံမှူး Colonel Hideaki Kitahara ခေါင်းဆောင်ပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံခြားစစ်သံမှူးများသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ လိုက်ပါ၍ နံနက် ၈နာရီ မိနစ် ၄၀ တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမသို့ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြခြင်းကို လေ့လာကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် ပြည်ထောင်စုခန်းမရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး၊ ပါကစ္စတန်နိုင်ငံစစ်သံမှူးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးတို့သည် ပြည်ထောင်စုခန်းမရှေ့၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-3 က အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ညောင်နှစ်ပင်စခန်းအနော်ရထာရိပ်သာရှိ စားရိပ်သာ၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် အမျိုးသားညီလာခံ ကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး နံနက်ပိုင်းတွင် ညောင်နှစ်ပင်စခန်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးပစ္စည်းကိရိယာလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ကျန်းမာရေးကဏ္ဍကိုသာ အဓိကထားဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Frontier Labourers Care (FLC) Health Care Foundation (Canada) က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သူနာပြုဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ လှူဒါန်းသည့်ဆေးရုံသုံးပစ္စည်းကိရိယာများကို လက်ခံသည်။

ရှေးဦးစွာ F.L.C. Health Care Foundation (Canada) မှ Founder & Director, Mr. Daniel Kalnin က တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၃၈၃၁၆၈ တန်ဖိုးရှိ ဆေးရုံးသုံးပစ္စည်းများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံး ဆေးပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က လက်ခံပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်နုနုသာက ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် လိုအပ်သောဆေးပစ္စည်းကိရိယာများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



Frontier Labourers Care (FLC) Health Care Foundation (Canada) က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် လှူဒါန်းသည့်ဆေးရုံးသုံးပစ္စည်းကိရိယာများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကျော်သူရိုက်ကူးပြီး သရုပ်ဆောင်ကျော်သူ၊ မင်းမော်ကွန်း၊ မင်းခ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ လှမျိုးသဉ္ဇာနွယ်၊ ဆုပန်ထွာ၊ ချိုပြုံးနှင့် နှင်းဆီတို့ပါဝင်သရုပ်ဆောင်ထားကြသည့်**"အမေ့နို့ဖိုး"** ရုပ်ရှင်ဇာတ်ကားဖြင့် တင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ဇူလိုင် ၂ ရက်၌ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ဂျပန်ဖလား တံခွန်စိုက် ဂျူဒိုပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ဇူလိုင် ၂ ရက်နှင့် ၃ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းများနှင့် ကလပ်အသင်းများမှ အမျိုးသား အမျိုးသမီး အားကစားသမားပေါင်း ၈၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပထမထိပ်တန်းကုန်ထုတ် သမဝါယမအသင်းလီမိတက် ဝန်ထမ်းနှစ်ပတ်လည် အခမ်းအနားနှင့် ဝယ်ယူသုံးစွဲသူများအား ဆုချီးမြှင့်ပွဲ ကို အလုံမြို့နယ် သခင်မြပန်းခြံအနီးတွင် ဝင်စာတန်ပတ်(၂)၌ ဇွန် ၂၀ ရက်ကကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးဉာဏ်ဝေက ဝယ်ယူသုံးစွဲမှုပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)



အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျိုင်းတုံ၌ကျင်းပ

ရန်ကုန် ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ဆက်လက်၍ ပြည်နယ်ဥပဒေအရာရှိ ဦးရှုအောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း၊ ပြည်နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးဒေါက်တာကြည်စိုးက မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ဆေးစွဲမှုအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ မိုင်းဖြတ်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ဆုချီးမြှင့်

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထိမ်းအမှတ် အခမ်းအနားအကြိုအဖြစ် ကျင်းပသည့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၃ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**** ကျောဖုံးမှ***

ဒုတိယကမ္ဘာစစ် ဖြစ်ပွားသောအခါ ဘိန်းလုပ်ငန်းများ မေးမှိန်သွားခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ပြီးသောအခါ ကူမင်တန်တရုတ်ဖြူများသည် မြန်မာနိုင်ငံရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ဝင်ရောက်ကျူးကျော်ခဲ့ကြသည်။ အဆိုပါ ကူမင်တန်တရုတ်ဖြူတို့သည် ၎င်းတို့၏ စီးပွားရေးနှင့် လက်နက်ဝယ်ယူရေးအတွက် ဘိန်းလုပ်ငန်းများကို ပြန်လည်အသက်သွင်းခဲ့ကြသည်။ ကူမင်တန်တရုတ်ဖြူတို့သည် ဘိန်းဖြူ(ဟီးရိုးအင်း)များကို ချက်လုပ်ကာ အနောက်ကမ္ဘာသို့ တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ဘိန်းစိုက်ပျိုးမှုကို ပိတ်ပင်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်ကလည်း နယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ဆက်လက်ကြိုးပမ်းခဲ့သည်။ သို့သော် ပြည်တွင်းသောင်းကျန်းမှု မငြိမ်မသက်မှုကြောင့် ထင်တိုင်းမပေါက်ခဲ့ချေ။

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မူဝါဒ ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၏ စစ်မှန်သောစေတနာနှင့် မှန်ကန်သောလုပ်ဆောင်မှုများကြောင့် လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ ၁၇ဖွဲ့လည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဤအောင်မြင်မှုကြောင့်ပင် မြန်မာနိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသပြည်သူများ၏ အခြေခံလိုအပ်ချက်များကို မြှင့်တင်ပေးရေးအတွက် ပထမဆုံးအခွင့်အလမ်း ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်တွင် အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ နယ်စွန်နယ်ဖျားဝေးလံခေါင်းပါးသော ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်လာနိုင်ခဲ့သည်။ ထို့ကြောင့် ပြောင်းလဲလာသည့် အခြေအနေအပေါ်မူတည်ကာ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်ကိုချမှတ်ခဲ့သည်။ထိုမဟာဗျူဟာနှစ်ရပ်မှာ–

- **မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့်**
- **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းရေး**

တို့ဖြစ်ကြသည်။

ထိုသို့ချမှတ်ထားသော မဟာဗျူဟာနှစ်ရပ်ကို အကောင်ထည်ဖော်နိုင်ရန်အတွက် နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ထိုနည်းဗျူဟာသုံးရပ်မှာ–

- **ထုတ်လုပ်မှုပပျောက်ရေး၊**
- **သုံးစွဲမှုပပျောက်ရေးနှင့်**
- **တားဆီးနှိမ်နင်းရေး**

တို့ဖြစ်ကြသည်။

တစ်ဖန်ချမှတ်ထားသည့် မဟာဗျူဟာနှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ် အကောင်အထည်ဖော်ရာတွင် လိုက်နာကျင့်သုံးရမည့် အောက်ပါနည်းနာသုံးရပ်မှာ–

- **မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ ယုံကြည်ချက်၊ ခံယူချက် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊**
- **တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာကူးလူးဆက်ဆံနိုင်ရေးနှင့်**
- **နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရေး**

တို့ဖြစ်ကြသည်။

ဒေသခံ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်၏ စေတနာမှန်ကို ယုံကြည် လက်ခံလာကြကာ ပူးပေါင်းဆောင်ရွက်လာကြသည်။ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားများ လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ပြီး ဘိန်းပပျောက်ရေး လုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ဆောင်ရွက်လာကြသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါး ပပျောက်ရေး ပင်မ ၁၅နှစ် စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ၁၅ နှစ် စီမံကိန်း လုပ်ငန်းစဉ်ငါးရပ်အနက် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ ဖျက်ဆီးခဲ့သည်မှာ ရန်ကုန်တွင် (၁၈)ကြိမ်၊ နယ်စပ်ဒေသများတွင် (၂၂)ကြိမ်ရှိခဲ့ပြီဖြစ်သည်။

ဖျက်ဆီးခဲ့သည့် အကြိမ်တိုင်းတွင်လည်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် (UNODC) ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတွင်ရှိသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းထောက်များ၏ ရှေ့မှောက်တွင် မျက်ဝါးထင်ထင်ပြပြီးမှ မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမှာလည်း ကမ္ဘာ့လူသားအားလုံးအတွက် မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်တားဆီးသည့်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ကျင်းပသည်။

ဇွန် ၂၆ရက်က ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးသည် အမေရိကန်နိုင်ငံ လမ်းမပေါ်က လက်လီဈေးနှုန်းအရတွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၇ သန်းရှိသည်။ ပထမအကြိမ်မှ ယခု (၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၄၅၂သန်းကျော်ရှိပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကို တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ ရလျက်ရှိသည့်အလျောက် မူးယစ်ဆေးဝါးလုံးဝ ပပျောက် ချုပ်ငြိမ်းစေရေးအတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန်၂၆ရက်က မင်္ဂလာဒုံမြို့နယ် အထက(၁) မြရောခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ကျောင်းသားလူငယ်တို့၏ တာဝန်အကြောင်း ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN'S DAY

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း(၁၄)ရက် (အဖိတ်နေ့)
၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ဗိုက္ကရဲရေထိန်းတံခါး
၈:၃၀	၈။	International News
၈:၄၅	၉။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice In Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ပထမနှစ်သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြု)(သတ္တဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀	၇။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၇:၄၀	၈။	သီချင်းကြီးပဒေသာ
၁၇:၅၅	၉။	မြန်မာစာ မြန်မာစကား (အပိုင်း–၇)
၁၈:၀၅	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၀	၁၁။	Discovery
၁၈:၂၀	၁၂။	မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေး
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	မူးယစ်ဆန့်ကျင်အောင်ပွဲဆင် (အပိုင်း–၁)
၁၉:၂၀	၁၆။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် (ထုံးဖွဲ့ဆင်ယင်နတ်သွင်တမျှ ရှုမဝ)
၁၉:၃၅	၁၇။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	လပတ်မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၅၅)(ဇာတ်သိမ်းပိုင်း)

နံနက်ပိုင်း

၀၀:၃၀	၂၃။	Euro 2004 ပထမအကြိုဗိုလ်လုပွဲသုံးသပ်ချက်
၁:၁၅	၂၄။	Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ) **(ပေါ်တူဂီနှင့်ဟော်လန်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်ရာမိုးရေချိန်များ

မင်္ဂလာဒုံ	၀ ဒသမ ၀၈ လက်မ
ကမ္ဘာအေး	၀ ဒသမ ၁၂ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၁၂ လက်မ

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း၌ မိုးလျော့နည်းနိုင်

ရန်ကုန် ဇွန် ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၃၀ရက် ညနေအထိ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွင်း ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ အများအားဖြင့် မိုးလျော့နည်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

● ကျောဖုံးမှ

ပြိုင်ပွဲ၌ ခြေစစ်ပွဲအောင်မြင်ခဲ့ဖူးသည်က လွဲလျှင် အစဉ်အလာ မရှိခဲ့ပေ။ ဂရိအသင်းအနေဖြင့် ယခုကဲ့သို့ အကြိုဗိုလ်လုပွဲ အဆင့်သို့တက်ရောက်လာနိုင်ခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၍ ဥရောပဘောလုံးပြိုင်ပွဲ၌ ရာဇဝင်သစ်ရေးထိုးလိုက်နိုင်ခြင်းပင်ဖြစ်သည်။

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ပေါ်တူဂီအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်လာသော ၁၅သင်း စုစုပေါင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်ဘောလုံးအသင်းတစ်သင်းလျှင် ဘောလုံးသမား ၂၃ဦးပါဝင်သည်ဖြစ်ရာ စုစုပေါင်း ဘောလုံးသမား ၃၆၈ဦး ပါဝင်သောပြိုင်ပွဲကြီးဖြစ်သည်။ အုပ်စုပွဲစဉ်များမှ နောက်ဆုံးဗိုလ်လုပွဲအထိ ပွဲစဉ်ပေါင်း ၃၁ပွဲတိတိ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်နှစ်ပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲ စုစုပေါင်း သုံးပွဲသာ ကစားရန်ကျန်ရှိပေသည်။

ဥရောပဖလားဘောလုံးပြိုင်ပွဲကြီးသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးပြီးလျှင် ဘောလုံးအဆင့်အတန်းအမြင့်မားဆုံးပြိုင်ပွဲကြီးဖြစ်သည်။ ယူရို ၂၀၀၄ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားပြီးသွားသည့်ပွဲစဉ်များကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဘောလုံးလောကသားများအဖို့ သင်ခန်းစာယူစရာများ တစ်ပုံတစ်ပင် ပြည့်နှက်နေသည်ကို တွေ့ရပေမည်။

ပယ်နယ်တီလွဲ

ယူရို ၂၀၀၄ ကွာတားဖိုင်နယ်ပွဲစဉ် လေးပွဲအနက် ပေါ်တူဂီနှင့်အင်္ဂလန်ပွဲ၊ ဟော်လန်နှင့် ဆွီဒင်ပွဲတို့တွင် ပယ်နယ်တီဖြင့် အဆုံးအဖြတ်ယူခဲ့ရသည်။ပယ်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ရသည်မှာ အလွန်ခံစားရခက်သော ဝေဒနာပင်ဖြစ်သည်။ မိနစ်၁၂၀ လုံးလုံး ရေကုန်ရေခန်းကစားခဲ့ပြီးမှ ပယ်နယ်တီတစ်လုံးလွဲချော်သည်နှင့် အရှုံးပေးလိုက်ရသည်မှာ အလွန်နှမြောဖွယ်ကောင်းလှသည်။ ပယ်နယ်တီကန်သွင်းပုံကိုကြည့်ရသူပင် စိတ်လှုပ်ရှားလျှင် ကိုယ်တိုင် ကန်သွင်းရသည့် ဘောလုံးသမားဆိုလျှင် ပို၍ စိတ်လှုပ်ရှားမည်မှာ အမှန်ပင်။ ပယ်နယ်တီ ကန်သွင်းရာတွင် အဓိကအားဖြင့် စိတ်တည်ငြိမ်မှု အလွန်အရေးကြီးပြီး မိမိကန်သွင်းမည့် အနေအထားကို ဂိုးသမားမရိပ်စားမိရန် လိုပေသည်။ ဂိုးသမားကို လှည့်စားနိုင်စွမ်းရှိလျှင် ကန်ချက် မပြင်းစေကာမူ ဂိုးဝင်နိုင်ပေသည်။

နာမည်ကြီးအင်္ဂလန်အသင်းသည် အိမ်ရှင်ပေါ်တူဂီအသင်းကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရာ အင်္ဂလန်အသင်း ခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ကန်သွင်းသည့် ပထမဆုံး ပယ်နယ်တီကန်ချက်မှာ ဂိုးအပေါ်မှ တော်တော်များများ ကျော်သွားခဲ့သည်။ဒေးဗစ်ဘက်ခမ်းသည် ပြင်သစ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော အုပ်စုပွဲစဉ်တွင်လည်း ပွဲကစားနေစဉ်အတွင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ရာ ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ပေ။ ဒေးဗစ်ဘက်ခမ်းကန်သွင်းသော ပယ်နယ်တီကန်ချက်ကို မန်ယူ၌ အတူတွဲကစားခဲ့ဖူးသော ဂိုးသမားဘားသက်ဇ် ကာကွယ်နိုင်ခဲ့သည်ဖြစ်၍ ဒေးဗစ်ဘက်ခမ်းအပေါ် အပြစ်တင်ရန်ခက်လှသည်။ သို့သော် ပေါ်တူဂီနှင့်ပွဲတွင် ဒေးဗစ်ဘက်ခမ်းကန်သော ပယ်နယ်တီကန်ချက်မှာ အရုပ်ဆိုးလှသည်။

နည်းပြအဲရစ်ဆင်က ပယ်နယ်တီကန်သည့် အမှတ်အသားမှ မြက်ကိုရမယ်ရှာ၍ အပြစ်ပြောကြားခဲ့သည်။ မိုက်ကယ်အိုဝင်၊ ဖရန့်လမ်းပတ်၊ ဗွန်တယ်ရီ၊ အိုဝင်ဟားဂရေ့စ်နှင့် အက်ရှလေကိုးလ်တို့ ဂိုးဝင်ခဲ့ကြသည်ဖြစ်ရာ မြက်ကိုအပြစ်ပြောရန် မဖြစ်နိုင်ပေ။ ခုနစ်လုံးမြောက် ပယ်နယ်တီကန်သော ဗက်ဆဲလ်၏ ကန်ချက်မှာလည်း ဂိုးသမားကို လှည့်စားမှုမပါဘဲ ကန်ချက်လည်းမပြင်း၍ ပေါ်တူဂီဂိုးသမား ဖမ်းမိခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် အလွတ်တည်ကန်ဘောများကန်ရာတွင် နှစ်ယောက်မရှိသည့် ကမ္ဘာ့ကျော်တစ်ဦးဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းကို ဖရီးကစ်စပါယ်ရှယ်လစ်ဟုပင် ပြောဆိုကြသည်ဖြစ်ရာ ပယ်နယ်တီကို ပွဲကြည့်စင်ပေါ်ရောက်အောင် ကန်ပစ်သည်မှာ မဖြစ်သင့်ပေ။ ကမ္ဘာ့ကျော် ဘောလုံးသမားအားလုံး ပယ်နယ်တီ လွဲဖူးကြသည်ဆိုသော်လည်း ဒေးဗစ်ဘက်ခမ်း မဝင်သည်ကတော့ ဆိုးလှသည်။

ဘောလုံးသမားများအနေဖြင့် ပယ်နယ်တီ မဝင်သည့်အတွက် အရှုံး၏ တရားခံအဖြစ် အပြစ်တင်ခံရခြင်းမှလွတ်အောင် ပယ်နယ်တီလေ့ကျင့်ခန်းကို အမြဲမပြတ် လေ့ကျင့်ထားသင့်သည်မှာ သင်ခန်းစာ ယူစရာပင်ဖြစ်သည်။

အထင်သေး၍မရ

ယူရို ၂၀၀၄ ပြိုင်ပွဲတွင် နာမည်ကြီးအသင်းများ အောင်မြင်မှုမရဘဲ ပြိုင်ပွဲမှထွက်သွားရခြင်းမှာ ပြိုင်ဘက်ကို အထင်သေးလျှော့တွက်သည့်အချက်လည်းပါဝင်သည်ဟု ဆိုနိုင်သည်။ ပေါ်တူဂီအသင်းသည် ပွဲဦးထွက်၌ဂရိအသင်းနှင့်ကစားရသည့်အခါ ပထမပိုင်း၌ ပြိုင်ဘက်ကိုအထင်သေးကစားနေ၍ဂိုးစသွင်းခံရပြီးနောက်မှ လိုက်ကစားခဲ့ရသည်။ ရှုံးထွက်အဆင့်မဟုတ်၍ ပေါ်တူဂီအသင်းသက်သာသွားခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက်ကို အထင်သေးလျှော့တွက်သော အသင်းများထဲတွင် အီတလီနှင့် ပြင်သစ်တို့လည်း ပါဝင်ကြသည်။အီတလီအသင်းသည် ဒိန်းမတ်အသင်းနှင့်ပွဲတွင် ခြေစွမ်းရှိသလောက် မကစားဘဲ သာမန်မျှကစားခဲ့၍ ဂိုးမရှိ သရေကျခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ကွာတားဖိုင်နယ်၌ဂရိအသင်းနှင့်ဆုံပြီဆိုသောအခါ ဆီမီးဖိုင်နယ်တက်ရန် အခွင့်အလမ်းသာခဲ့သည်။ သို့သော် ဂရိအသင်းကို အထင်သေးလျှော့တွက်ပြီး ပထမပိုင်း တစ်ပိုင်းလုံး အားစိုက်ခွန်စိုက် မကစားဘဲ အလုအပများဖြင့် ကစားနေသည်။ အာဆင်နယ်အတွဲဖြစ်သော အွန်နရီ၊ ရောဘတ်ပီရက်စ်နှင့် ဗီယာရာအတွဲကိုဖျက်ပြီး ဗီယာရာနေရာတွင် အိုလီဗာဒါကုတ်ကို ထည့်သုံးခဲ့သည်။ ပြင်သစ်နည်းပြ ဂျက်ဆန်တီနီသည် ဗီယာရာ အဝါကတ်ထိထား၍ ဆီမီးဖိုင်နယ်အတွက် ရည်ရွယ်ပြီး အနားပေးထားဟန်တူသည်။ ကွာတားဖိုင်နယ်၌နိုင်မည်ဟု အပိုင်တွက်ထားပုံရပြီး လူစုံထုတ်မသုံးသည်မှာ အမှားပင်ဖြစ်သည်။

ပြင်သစ်နည်းပြဂျက်ဆန်တီနီသည် တစ်ဂိုးအသွင်းခံပြီးမှသာအိပ်ရာမှလန့်နိုးလာသည့်အလား ဒါကုတ်အစားဝီးလ်တော့ဒ်၊ ထရက်ဇီဂေးအစား ဆာဟာ၊ ရောဘတ်ပီရက်စ်အစားရိုသန်တို့ကို လူစားလဲခဲ့သည်။ ဖြစ်သင့်သည်မှာ ဂရိကဲ့သို့ နောက်တန်းမာကျောသောအသင်းကိုဆာဟာကဲ့သို့ တွန်းတွန်းတိုက်တိုက်ထိုးဖောက်ကစားနိုင်သည့် တိုက်စစ်မှူးမျိုးကို စောစောစီးစီး ထည့်သုံးသင့်သည်။ ပထမပိုင်း၌ဂိုးမရဘဲဖြစ်နေလျှင်ဒုတိယပိုင်းစသည်နှင့် လူစားလဲသင့်သည်။

ဘောလုံးအားကစားနည်းသည် အရှုံးအနိုင် ကြိုတင်ခန့်မှန်းရခက်သောအားကစားနည်းဖြစ်သည်။ ဘောလုံးဆိုတာ အလုံးကြီးဟူသော စကားအတိုင်း နာမည်ကြီး အသင်းများကလည်း အသင်းငယ်လေးကို မထင်မှတ်ဘဲ ရှုံးရလေ့ရှိသည်။ထိုသို့ရှုံးရသည်မှာ မည်သူမပြု မိမိမှုဆိုသကဲ့သို့ မည်သူကိုမှအပြစ်တင်မနေဘဲမိမိတို့ညံ့၍သာ ရှုံးရခြင်းဟု လက်ခံရမည်ဖြစ်သည်။ ပြိုင်ဘက်အသင်းတိုင်းကိုအထင်မသေးဘဲ ကစားရန်လိုသည်ကို သင်ခန်းစာ ယူနိုင်ပေသည်။

နည်းပြဆရာ

ဘောလုံးအသင်းတစ်သင်း အနိုင်ရဗိုလ်စွဲပြီး အောင်မြင်ပါက နည်းပြနှင့် ဘောလုံးသမားများ သူရဲကောင်းများသဖွယ် ချီးကျူးဂုဏ်ပြုခံရလေ့ရှိသည်။ သို့သော် အောင်မြင်မှုမရဘဲ အရှုံးကြီးရှုံးပါက အရင်ဆုံးအပြစ်တင်ခံရသူမှာ နည်းပြဆရာပင်ဖြစ်သည်။ နည်းပြဆရာအနေဖြင့် စာချုပ်သက်တမ်း မပြည့်သေးစေကာမူ အောင်မြင်မှုမရပါက မိမိ၏သဘောအလျောက် နုတ်ထွက်လျှင် နုတ်ထွက်၊ မထွက်လျှင် ထုတ်ပယ်ခံရမည်သာဖြစ်သည်။

စပိန်အသင်းနည်းပြအီနာကီဆာရက်စ်သည် စပိန်အသင်း အုပ်စုမှထွက်ခဲ့ရသည့်အတွက် နုတ်ထွက်သွားပြီဖြစ်သည်။ စပိန်နည်းပြ ဖြစ်လာနိုင်သူများထဲတွင် ဒီပို့တီဗိုမှ အီရူယေတာနှင့် အက်လေတီကိုမှ အာရာဂိုးနက်စ်တို့ရေပန်းစားနေသည်။ လစ်လပ်သွားသော စပိန်နည်းပြနေရာတွင် မည်သူဆက်ခံမည်ကို ဘောလုံးဝါသနာရှင်များ စောင့်ကြည့်လျက်ရှိသည်။

အီတလီအသင်းနည်းပြ ထရာပက် တိုနီသည်လည်း အီတလီအသင်းအုပ်စုမှထွက်ရသည့်အတွက် နုတ်ထွက်သွားပြီဖြစ်သည်။ လစ်လပ်သွားသော အီတလီနည်းပြ နေရာတွင် ဂျူဗင်းတပ်နည်းပြဟောင်း မာဆယ်လိုလစ်ပီအား အစားထိုးခန့်အပ်လိုက်သည်။ နည်းပြမာဆယ်လိုလစ်ပီသည် အီတလီအသင်းကို ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပွဲပြီးဆုံးသည်အထိ တာဝန်ယူမည်ဖြစ်သည်။

ဂျာမနီအသင်း၏ နည်းပြရူဒီဖောင်လာသည် ဂျာမနီအသင်းအုပ်စုမှ လှည့်ပြန်ခဲ့ရပြီးနောက် နုတ်ထွက်သွားပြီဖြစ်သည်။ လစ်လပ်သွားသော ဂျာမနီ နည်းပြရာထူးတွင် ဘိုင်ယန်မြူးနစ် နည်းပြဟောင်း ဟစ်ဇ်ဖဲလ်ရေပန်းစားနေသည်။ ကွာတားဖိုင်နယ်တွင် ဂရိကိုရှုံးပြီး အိမ်ပြန်ခဲ့ရသော ပြင်သစ်နည်းပြ ဂျက်ဆန်တီနီသည် မူလစီစဉ်ထားသည့်အတိုင်း စာချုပ်သက်တမ်းစေ့၍ အင်္ဂလန်မှ တော့တင်ဟမ်ဟော့စပါးအသင်းသို့ သွားရောက်တာဝန်ယူမည်ဖြစ်သည်။ လစ်လပ်သွားသော ပြင်သစ်နည်းပြရာထူးတွင် ဖူဟမ်နည်းပြဟောင်း တီနာဂါရေပန်းအစားဆုံး ဖြစ်နေသည်။

လက်ရွေးစင်အသင်း နည်းပြလုပ်မည့်သူများအနေဖြင့် ယူရို ၂၀၀၄မှ နည်းပြများကိုကြည့်ကာ သင်ခန်းစာယူစရာပင်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ လယ်ယာထွက်ကုန်က ပို့ဆောင်ရေးကိုအနိုင်ရ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို အုပ်စု(ဂ)ပွဲစဉ်အဖြစ် ယမန်နေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာထွက်ကုန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လယ်ယာထွက်ကုန်အသင်းအတွက် နိုင်နိုင်နှင့် စထက်နိုင်ဝင်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပို့ဆောင်ရေးအသင်းအတွက် ဝင်းမင်းထွဋ်က တစ်ဂိုးသွင်းယူပေးသည်။ လယ်ယာထွက်ကုန်အသင်းသည် ယခုနှစ် ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာသည့် မျက်နှာသစ်အသင်းဖြစ်သော်လည်း အဆင့်မြင့်တန်းမှ သမ္ဘာရင့်ဝါရင့် ပို့ဆောင်ရေးအသင်းကို ခြေစွမ်းပြကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)တွင် သစ်တောရေးရာအသင်းက နှစ်ပွဲနိုင်(၆)မှတ်၊ ဘဏ္ဍာ/အခွန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၃)မှတ်၊ လယ်ယာထွက်ကုန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ် ရရှိထားပြီး ပို့ဆောင်ရေးအသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ဂိတ်ဝင်ကြေးပြင်ဆင်သတ်မှတ်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့်လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတို့တွင် ကျင်းပလျက်ရှိရာ ယခင် ဂိတ်ဝင်ကြေးအဖြစ် အထူးတန်းကျပ်ငွေ ၅၀၀နှင့် ရိုးရိုးတန်းကျပ်ငွေ ၃၀၀ နှုန်း သတ်မှတ်ထားခဲ့သော်လည်း ဇွန် ၃၀ ရက်တွင် ကျင်းပမည့် ပြိုင်ပွဲများမှစတင်၍ နှစ်ကွင်းစလုံးတွင် ဂိတ်ဝင်ကြေးကို အထူးတန်းကျပ်ငွေ ၃၀၀နှင့် ရိုးရိုးတန်း ကျပ်ငွေ ၂၀၀နှုန်းအဖြစ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပြင်ဆင်သတ်မှတ်လိုက်သည်။

(သတင်းစဉ်)

ပြည်ထဲရေးဘောလုံးအသင်းနိုင်ပွဲစတင်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့် ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းတွင် ကျင်းပရာ (ဃ)အုပ်စုမှ ပြည်ထဲရေးအသင်းက တပ်မတော်ကြည်း(က)အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းသရေ

ပြည်ထဲရေးအသင်း တစ်ပွဲရှုံးထားရာ အနိုင်ရရှိမှ အလားအလာကောင်းနိုင်မည်ဖြစ်၍ အထူးကြိုးစားကစားပြီး ဖွင့်ဆော်ဦးဂိုးသွင်းယူထားသည်။ သို့သော် တပ်မတော်ကြည်း(က)အသင်း၏ တန်ပြန်တိုက်စစ်ကြောင့် ဖွင့်ဆော်ဦးအဖွင့်ဂိုး သွင်းနိုင်သော်လည်း ချေပဂိုးပြန်ပေးရ၍ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်နေသည်။

ပြည်ထဲရေး အသင်းအတွက် ဦးဆောင်ဂိုးကို ၁၅မိနစ်တွင် နေသူလိုင် ကန်သွင်းယူ၍ ပြည်ထဲရေးတစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်ထားသော်လည်း ၄၃မိနစ်တွင် တပ်မတော်ကြည်း(က)အသင်းမှ မောင်မောင်အောင် ကန်သွင်းယူ၍ တစ်ဖက်တစ်ဂိုးစီ ဖြစ်နေသည်။

ဒုတိယပိုင်းနိုင်

ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်း ဂိုးများများသွင်းနိုင်ရန် ထိုးဖောက်ဖိကစားထားသည်။၅၉မိနစ်တွင်လတ်နေဝင်းက ကန်သွင်းယူ၍ နှစ်ဂိုးတစ်ဂိုးဖြင့် ဦးဆောင်ထားရာမှ တပ်မတော်ကြည်း(က)အသင်း ချေပဂိုးရရှိရန် အစွမ်းကုန်ပြန်ဖိကစားသည်။ ၇၆မိနစ်တွင် သက်ပိုင်ဦးကန်သွင်းယူ၍ နှစ်ဂိုးစီသရေဖြစ်နေသည်။ ထို့နောက် ပြည်ထဲရေးအသင်း ဆက်တိုက်ဖိကစားရာ မိနစ်၈၀နှင့် ၈၆မိနစ်တွင် ရှေ့တန်းတိုက်စစ်မှူး နေသူလိုင် နှစ်ဂိုးကန်သွင်းယူနိုင်၍ ပြည်ထဲရေးက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ယူရို၂၀၀၄ ဆီမီးဖိုင်နယ်ပွဲကြိုတင်ဆက်မှုထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၉

ယူရို၂၀၀၄ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် အိမ်ရှင်ပေါ်တူဂီအသင်းနှင့် ဟော်လန်အသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ချက်အသင်းနှင့် ဂရိအသင်းတို့၏ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ရာ ဘောလုံးပွဲမစတင်မီ နံနက်၁၂နာရီခွဲ၌ အကြိုဗိုလ်လုပွဲ ပွဲကြိုသုံးသပ်ချက် အစီအစဉ်ကို ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြန်မာ့အလင်း)

ပေါ်တူဂီနှင့်ဟော်လန်နှိုင်းယှဉ်ချက်

အုပ်စုပွဲစဉ်နှင့်ကွာတားဖိုင်နယ်ဖြတ်သန်းမှု

ပေါ်တူဂီ	၁–၂	ဂရိ	ဟော်လန်	၁–၁	ဂျာမနီ
ပေါ်တူဂီ	၂–၀	ရုရှား	ဟော်လန်	၂–၃	ချက်
ပေါ်တူဂီ	၁–၀	စပိန်	ဟော်လန်	၃–၀	လတ်ဗီးယား
*ပေါ်တူဂီ	၈–၇	အင်္ဂလန်	*ဟော်လန်	၅–၄	ဆွီဒင်

(ပယ်နယ်တီဖြင့်ဆုံးဖြတ်သည်) *(ပယ်နယ်တီဖြင့်ဆုံးဖြတ်သည်)*

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲနှင့် ကရာတေးဒို ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူပေါင်း၍ ၂၀၀၄ခုနှစ် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇူလိုင် ၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ရာ အမျိုးသမီးအသင်းလိုက် တံခွန်စိုက် ပထမဆုကျပ်ငွေ ၃၀၀၀၀၀၊ ဒုတိယဆုကျပ်ငွေ၂၀၀၀၀၀၊ တတိယဆုကျပ်ငွေ ၁၀၀၀၀၀ ကို ချီးမြှင့်မည်ဖြစ်ပြီး အလားတူ အမျိုးသားအသင်းလိုက် တံခွန်စိုက်ပထမဆု ကျပ်ငွေ ၃၀၀၀၀၀၊ဒုတိယဆုကျပ်ငွေ ၂၀၀၀၀၀၊တတိယဆုကျပ်ငွေ ၁၀၀၀၀၀ကိုလည်း ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲ၌ အကောင်းဆုံးအားကစားသမားဆုရရှိမည့် အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးတို့အား ဆုကြေးငွေ ကျပ် ၅၀၀၀၀စီ ချီးမြှင့်မည်ဟု သိရသည်။

(၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးများ လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ကရာတေးဒို ဒိုင်လူကြီးသင်တန်း(၁/၂၀၀၄)ကို ဇူလိုင် ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ အဖွဲ့ချုပ်ဒိုင်လူကြီးလိုင်စင် ရရှိထားသူဖြစ်စေ၊ ဒိုင်လူကြီးလူသစ်ဖြစ်စေ ပြည်နယ်နှင့်တိုင်းတစ်ခုမှ နှစ်ဦးအထိ တက်ရောက်နိုင်သည်။

ဒိုင်လူကြီးသင်တန်းကာလအတွင်း စားသောက်ရေးနှင့်တည်းခိုရေး ကိစ္စအဝဝကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ သင်တန်းတက်ရောက်ကြမည့် ဒိုင်လူကြီးများသည် ဇူလိုင် ၂၀ရက် ညနေ ၄နာရီခွဲ နောက်ဆုံးထား၍ သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ရုံးခန်းသို့ကိုယ်တိုင်ရောက်ရှိသတင်းပို့ရမည်ဖြစ်ကြောင်းနှင့် ပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးအသစ်တစ်ဦးစီအတွက် ဒိုင်ဝတ်စုံ စရိတ်ကျပ်ငွေ ၅၀၀၀စီ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာရက်မြတ် ဆုတောင်း

ချစ်သောဖေဖေ ဗိုလ်မှူးသောင်းဇော်နှင့် ချစ်သောမေမေ ဒေါ်လွင်လွင်ညွန့်တို့၏ ၃၀–၆–၂၀၀၄ ရက်နေ့တွင် ကျရောက်သော (၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း ရာကျော်တိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ထာဝရလျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးများ – ကေကေသောင်းဇော်
– ဂျေဂျေသောင်းဇော်







မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ W-19 နေ
ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)
[ဒုတိယအထွေထွေမန်နေဂျာ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်(M.B.L)]–
ဒေါ်မြမြသိန်း (ကျောင်းအုပ်ဆရာမကြီး၊အထက–၄၊ ဗိုလ်တထောင်)
တို့၏သားကြီး
ဗိုလ်ကြီးသူရိန်(ခ)သက်ထွန်းဦး
B.E(D.S.T.A), M.E(Y.T.U), Ph.D. Canfidate(Electrical Power)
နှင့်
ဦးငွေသိန်း(လက်ထောက်အင်ဂျင်နီယာချုပ်)
(စက်ရုံမှူး၊ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–
ဒေါ်သီသီအေး(အလပြ၊ငြိမ်း)
တို့၏သမီး
ဒေါက်တာအေးမြသန္တာ
အလုပ်သင်ဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး

တို့၏ ၁၃–၅–၂၀၀၄ရက်(ကြာသပတေးနေ့)I.B.C၌ ကျင်းပသော စေ့စပ်ပွဲတွင် စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင်နှင့်ဇနီးဒေါ်ခင်ဝင်းနွယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးနှင့် ဇနီး ဒေါ်ဖြူဖြူသန်းတို့အားလည်းကောင်း၊ ၂၅–၆–၂၀၀၄ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေးအားလည်းကောင်း၊ ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) ယုဇနဥယျာဉ်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာ လက်ဖွဲ့ပစ္စည်းများ ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွန့်၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်း ပေးသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်းတို့အား လည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ မေတ္တာဖြင့် ပန်းကြဲပေးသော ဒေါက်တာအေးစန္ဒာအောင်၊ မင်္ဂလာပန်းကုံး၊ လက်စွပ်နှင့်ဆွဲကြိုးဗန်းများကိုင်ဆောင်ပေးသော မယွန်းမီမျိုးကျော်နှင့်မအိအိဖြိုး၊ သတို့သားအရန် ဗိုလ်ကြီးအောင်မြတ်ထက်၊ သတို့သမီးအရန် ဒေါက်တာမိုးစုနွယ်အောင်၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မိတ်ကပ်နှင့် ဆံပင်ပြုပြင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော နန်းစု (ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးသော မောင်မောင်ညှပ်နှင့်အဖွဲ့၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးသူရိန်(ခ)သက်ထွန်းဦး–ဒေါက်တာအေးမြသန္တာ။

လယ်တီစံရိပ်သာမဂ္ဂင်ကျောင်း ဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၉

ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ပဓာန နာယကဆရာတော်ကြီး ကမ္မဋ္ဌာနာ ဆရာတော်များနှင့် ဥပဋ္ဌာက အကျိုးတော်ဆောင်ထံတွင် ကိုယ်တိုင်လှူဒါန်း၍ ဖြစ်စေ၊ ရိပ်သာ ဖုန်း–၂၀၁၆၃၄သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးမြဦး(အငြိမ်းစား)–ဒေါ်တင်တင်မေ
တို့၏သား
ဗိုလ်မှူးအောင်ကျော်ဦး B.Sc(Maths)
တပ်မတော်(ရေ)
နှင့်
ရန်ကုန်မြို့နေ ဦးတင်သိန်း(ဒု–အထွေထွေမန်နေဂျာ၊
မြန်မာ့သစ်လုပ်ငန်း၊ အငြိမ်းစား)–ဒေါ်ခင်ခင်စော
တို့၏သမီး
မဥမ္မာသိန်း
B.Econ (Statistics)
D.M.A, Dip in Japanese (U.F.L)
လက်ထောက်မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်)

တို့၏ ၁၀–၅–၂၀၀၄ရက်တွင် ရန်ကုန်မြို့ တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊ ၂၆–၆–၂၀၀၄ရက်(စနေနေ့)တွင် International Business Center(IBC)၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း ၏ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်မင်္ဂလာ လက်စွပ်များ ချီးမြှင့်ပေးပါသော ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ဒေါ်ခင်သီတာဦးတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်(မြန်မာ့အသံ)၊ သတို့သားအရန် ဗိုလ်ကြီးကျော်ကျော်ဝင်းနှင့် ဗိုလ်ကြီးကျော်ကျော်လင်း၊ သတို့သမီးအရန် မပပကျော်နှင့် မဇွန်ဝင့်ဝင့်ထင်၊ မင်္ဂလာပန်းကြဲပေးသော တေးသံရှင် ရှင်ဖုန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော မသဇင်၊ မေတ္တာဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော ဦးဌေးဝင်း(ဘဏ်)၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှဖန်တီးပေးသော ကိုမာနှင့်အဖွဲ့၊ မင်္ဂလာညည့်ခံပွဲအခမ်းအနား ဖြစ်မြောက်အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးအောင်ကျော်ဦး–မဥမ္မာသိန်း။

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးဇင်မြင့်–ဒေါ်ခင်ထွေးထွေး
တို့၏သားငယ်
ဒေါက်တာကျော်လွှမ်းမိုး M.B.,B.S(Ygn)
Senior House Officer in Psychiatry
University Hospital, Liverpool, U.K.
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ ဦးမြင့်စိန်–ဒေါ်အေးရီ
တို့၏သမီးငယ်
ဒေါက်တာချိုချိုအေး M.B.,B.S (Ygn)
M.Sc (Molecular Biology)
Vrije University Brussels, Belgium

တို့၏ ၈–၅–၂၀၀၄ရက်တွင် ရန်ကုန်မြို့ Dusit Inya Lake Resort ၌ ပြုလုပ်ကျင်းပသော စေ့စပ်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် နှစ်ဖက်သောဆွေမျိုးများ၊ ၃–၆–၂၀၀၄ ရက်တွင် လန်ဒန်မြို့ Harrow Register Office ၌ လက်မှတ်ရေးထိုးလက်ထပ်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသူများ၊ ၅–၆–၂၀၀၄ရက်တွင် လန်ဒန်မြို့ Tisarana Vihara မြန်မာဘုန်းတော်ကြီးကျောင်း၌ မင်္ဂလာဦးဆွမ်းကျွေးကပ်လှူရာသို့ ကြွရောက်ချီးမြှင့်ကြသူများ၊ ၆–၆–၂၀၀၄ရက်တွင် လန်ဒန်မြို့ Eden Restaurant၌ ကျင်းပညည့်ခံသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသူများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းအပေါင်းအသင်းများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများ အားလုံးတို့ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများ၊ အုပ်ထိန်းသူများနှင့်
ဒေါက်တာကျော်လွှမ်းမိုး–ဒေါက်တာချိုချိုအေး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်ဇင်ထွန်း၏ သင်္ဘောသားနှင့်ဆိုင်သော (PSC/RB) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၅၄၆၀၃၅။**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက် အမှတ်၂၁၅/၂၁၇နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မီမီ ၁၂/ဗဟန(နိုင်)၀၄၇၀၆၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး စံပြကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊၁၁လမ်းရှိ ခြံမြေကွက် အမှတ်၂၉၈ဟုခေါ်တွင်သော မြေကွက်ကြီးတွင် အလျားပေ၂၃၀ X အနံပေ ၆၀ရှိ မြေကွက်အစိတ်အပိုင်းကို မူလပိုင်ရှင်ဖြစ်သူ ဦးမြင့်ဌေး အိုင်အက်စ်အင်–၄၇၂၈၈၅၏ ၂၈–၆–၈၈နေ့စွဲပါ ခြံမြေပိုင်ဆိုင်မှုအား လွှဲပြောင်းပေးခြင်း ကတိစာချုပ်အရ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ကြသော ဦးသံချောင်း၊ ဦးလှမြင့်နှင့် ဒေါ်မဲတူ တို့ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိထားသော မြေကွက်အစိတ်အပိုင်း ဖြစ်ပါသည်။

အဆိုပါ ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက သက်ဆိုင်ရာဌာနတွင် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ဤကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးလှမြင့်(ရွှေကံ)၊ တရားရုံးချုပ်ရှေ့နေ
ဖုန်း–၅၇၇၀၂၇၊ ၁၈၊ မဟာဗောဓိလမ်း၊
(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ရက်

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ် သုံးထပ်အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟင်္သာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများတင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။
၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(B.Q)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။
၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။
၄။ တင်ဒါတင်သွင်းသူသည်တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့်တင်ဒါတင်သွင်းသူမှလိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊အမှတ် ၁၂၃၊ နတ်မောက်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့. ဖုန်း–၅၄၂၈၇၃၊ ၅၄၃၃၃၆

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက(ဓမ္မကထိက ဗဟုဇနဟိတရေ)ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ဇူလိုင်၄ရက်(ပထမ ဝါဆိုလပြည့်ကျော်၃ရက်)ညတွင် ရန်ကုန်တိုင်း အလုံမြို့နယ် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဓမ္မာရုံတော်ကြီး၌ နိဗ္ဗာန်ရောက်ရေး နည်းလမ်းပေး တရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။**(က–ပ)**

သဲမောင်းကန်ကျေးရွာနှင့် စက်ရေတွင်းအလှူ

ယုဝတီခင်ဦး

ကျွန်မသည်မတ်လထုတ်မြန်မာ သတင်းစာများတွင် ရေးသားပါသော ကျေးလက်ဒေသများတွင် မည်သည့်မြို့နယ်မဆို စေတနာရှင်များ အနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဆက်သွယ်နိုင်ကြောင်း နှိုးဆော်စာကို ဖတ်မိသည်။ ရေလှူချင်သော ဆန္ဒပြင်းပြနေသည်မှာ ကြာပြီ။ မည်သည့်အဖွဲ့အစည်းနှင့်ဆက်သွယ်ရမှန်းမသိ ဖြစ်နေသော ကျွန်မတို့ မိသားစုသည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှထံ သတင်းစာမှ တယ်လီဖုန်းနံပါတ်ဖြင့် ဆက်သွယ်ခဲ့ကြသည်။

မကြာမီပင် မန္တလေးတိုင်း တံတားဦးမြို့နယ် ကျောက်ဆည် ကားလမ်းဟောင်းပေါ်တွင် တည်ရှိသည့် သဲမောင်းကန်ရွာတွင် ကျွန်မတို့ လှူသည့်စက်ရေတွင်းမှ အေးမြကြည်လင်သော ရေချိုတွေ လျှံထွက်နေပြီဟု မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဝမ်းမြောက်ဝမ်းသာနှင့် တယ်လီဖုန်း ဆက်၍ သတင်းပေးလာသဖြင့် ရွှင်မြူးဝမ်းသာ ဖြစ်ကြရသည်။

ဤသို့ ကြားသိလိုက်ရသည်နှင့် သဲမောင်းကန် စက်ရေတွင်းနှင့် ရွာသူရွာသားများကို ချက်ချင်း ပြေးတွေ့လိုက်ချင်သည်။ သို့သော် အုံ့ကာလေတသဲသဲဖြစ်နေသော မိုးပဇ္ဇုန်ကြောင့် ခရီးမထွက်ဖြစ်ခဲ့။ ဇွန်လ ၁၁ရက်နေ့ရောက်မှ မန္တလေးမြို့သို့ Air Mandalay လေယာဉ်ခရီးစဉ်ဖြင့် နံနက် ၇နာရီတွင် ထွက်လာကြရာ ညလုံးပေါက်ရွာသောမိုးသည် စဲလာ၍ ရွှေဆီကောင်းကင်မှ နေရောင်ခြည် ဝင်းဖြာထွက်လာသောကြောင့် ရင်ထဲတွင် ပီတိလှိုင်းများ ရိုက်ခတ်နေမိသည်။

နံနက် ၈နာရီ ၁၀ မိနစ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ တိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦး၊ မြို့နယ် လက်ထောက် အင်ဂျင်နီယာဦးဝင်းမြင့် နှင့်အဖွဲ့၊ ကုမ္ပဏီ မှ မန်နေဂျာများက လာကြိုနေကြသည်။ တစ်ဦးနှင့် တစ်ဦး ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး သဲမောင်းကန်ရွာသို့ ဦးတည်ကာ ကားဖြင့် ခရီးဆက်ခဲ့ကြသည်။

သဲမောင်းကန် စက်ရေတွင်း အရောက် မြေလမ်းကိုသဲများ၊ ကျောက်များဖြင့် ဖြူးနေအောင် ပြုပြင်ထားသဖြင့် ကားများ ဖြောင့်ဖြောင့်တန်းတန်း မောင်းနှင်လာနိုင်ခဲ့သည်။ "အလှူရှင် စက်ရေတွင်းဖွင့်ပွဲ"ဟူသော ဆိုင်းဘုတ်နှင့် ရောင်စုံအလံများ မိုးပေါ်တွင် ပျံ၍ ပြေးကစားနေသော မိုးပျံပူဖောင်းများကို ကိုင်ထားသော သဲမောင်းကန် လုပျိုဖြူများ၊ ကျောက်ဆည် ဇော်ဂျီမောင် ဆင်ကြီးကမြူးကြွ၍ လုပစွာ ဆိုင်းသံ၊ ဗုံသံနှင့်ကလျက်ရှိပြီး ရွာသူရွာသားများ၏ အပြုံးပေါင်း တစ်ထောင်နှင့် ကြိုဆိုနေကြသည်တို့ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

သဲမောင်းကန် စက်ရေတွင်း မဏ္ဍပ်တွင် စောင့်ကြိုနေသော မြို့နယ်စည်ပင်မှ အရာထမ်းများ၊ မြို့နယ်အတွင်းရေးမှူး၊ ကျေးရွာဥက္ကဋ္ဌ၊ ရပ်ရွာလူကြီးများ၊ ရွာသူရွာသားများ၊ ကလေးငယ်များကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်၍ အားရပါးရ နှုတ်ဆက်ရသည့် ဝမ်းသာမှုမျိုးမှာ မကြုံစဖူး ထူးခြားလှချေသည်။ ဘိလပ်မြေဖြင့် အမိုးအကာလုပ်ကာ အလှူရှင်နာမည် ရေးထားသော စက်ရေတွင်းရုံ၊ ရေတွင်းရေကန်များကို လှမ်းမြင်ရသည်။ ကျောက်ဆည် ဆင်ကြီးကလည်း နားရွက်၊ ဦးခေါင်း၊ ခန္ဓာကိုယ်တွင် ရွှေရောင်၊ ငွေရောင်၊ ပတ္တမြားရောင်များဖြင့် တန်ဆာဆင်ထားသဖြင့် ဖိတ်ဖိတ်တောက်လျက် မဏ္ဍပ်တစ်ဝိုက်တွင် ပျော်ရွှင်နေသော ရွာသူရွာသားတစ်ထောင်ခန့် ဝိုင်းရုံနေသည်။

ကျွန်မတို့နေရာတွင် ထိုင်မိလျှင်ပင် စည်ပင်သာယာက အရာရှိအမျိုးသမီး တစ်ဦးက အခမ်းအနားအစီအစဉ်ကို ကြေညာလေသည်။ မန္တလေးတိုင်း စည်ပင်သာယာအဖွဲ့ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားရန် ရှိသော်လည်း ခရီးသွားနေ၍ အချိန်မီပြန်မရောက်နိုင်၊ သို့ရာတွင် စည်ပင်သာယာ ဧည့်ခန်းဆောင်တွင် လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။ ဧည့်ဝတ်ကျေသော စည်ပင်သာယာအဖွဲ့ကို ကျေးဇူးတင်၍မဆုံးပါ။

အမှာစကားကို တံတားဦးမြို့နယ် လက်ထောက် အင်ဂျင်နီယာ ဦးဝင်းမြင့်က ပြောကြားရာတွင် သဲမောင်းကန် ဒေသမှာ စစ်ကိုင်းကျောက်လွှာစုတန်းမှာ ပါနေ၍ ရေတူးရန် အလွန်ခက်ခဲသော နေရာဖြစ်ကြောင်း၊ ရေကန်ကြီး ရှိပါသော်လည်း ခြောက်သွေ့နေပြီး မိုးရွာမှသာ ရေရ၍ သောက်သုံး၍မရ။ ကျွဲ၊နွား တိရစ္ဆာန်အတွက်နှင့်သုံးရေသာရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရာတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း တစ်ရွာတစ်တွင်း ရေရရှိရေး ကြိုးပမ်းနေကြောင်း၊ သဲမောင်းကန်ရွာတွင် နွေရာသီ၌ သောက်ရေအတွက် တစ်မိုင်ခန့်ဝေးသောနေရာမှ လက်ယက်တွင်းရေကို သွားခပ်ခဲ့ရကြောင်း၊ ယခု အလှူရှင်များ စက်ရေတွင်းကို ၅–၅–၂၀၀၄ ရက်နေ့မှ စတင်ပြီး ၃၁–၅–၂၀၀၄ရက်နေ့တွင် စက်ရေတွင်း ပြီးစီးကြောင်း၊ ရေများမှာ ရေကြည်၊ ရေသန့်၊ ရေကောင်းဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၁၂၀၀ ရှိကြောင်းနှင့် အလှူဒါနအတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားသွားသည်။

သဲမောင်းကန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်မောင်က ကျေးရွာလူထုကိုယ်စား ကျေးဇူးတင်စကား ပြောကြားရာတွင် ၁၉၈၈ခုနှစ်မတိုင်မီက စက်ကြီးများဖြင့် ရေတွင်းများ တူးဖော်ခဲ့ရာ မအောင်မြင်ခဲ့ကြောင်း၊ ရရှိသည့်ရေမှာလည်း သောက်သုံးရန် မသင့်၍ ရေအခက်အခဲ အလွန်ဖြစ်ခဲ့ရာ ယခုတစ်ကြိမ် တူးဖော်ရာ၌ ရေချို၊ ရေသန့်ရခဲ့၍ တစ်ရွာလုံးကိုယ်စား အလှူရှင် ဦးဝင်းဆွေနှင့် ဇနီး သီဟသုဓမ္မသင်္ဂဳ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)တို့ကို ကျေးဇူးများစွာ တင်ရှိကြောင်း ပြောကြားသွားသည်။

စက်ရေတွင်း လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရေအလွန်ရှားပါးသည့် ကျေးရွာကို ရေလှူချင်နေကြောင်း၊ သဲမောင်းကန်ကျေးရွာတွင် ကျွဲ၊ နွား သောက်သုံးရန်သာ ရေကန်ရှိပြီး ရွာသူရွာသားများအတွက် သောက်သုံးရေ ခက်ခဲသော ကျေးရွာဖြစ်ကြောင်း၊ အလှူရှင်များ စက်ရေတွင်းမှ ရေချို ရေသန့်ရ၍ တစ်ရွာလုံးဝမ်းသာကြသလို မိမိတို့ကလည်း များစွာဝမ်းသာ အားရဖြစ်ရပါကြောင်း၊ ရရှိသည့်ရေကို ဘုရား၊ ကျောင်း၊ ကန်၊ သက်ကြီး ရွယ်အို၊ ကလေးမကျန် ဆင့်ပွား သောက်သုံးရန် လှူဒါန်းကြရသဖြင့် ရေအကျိုး ၁၀ပါးကို အလှူရှင်ရော ရွာသူရွာသားများပါ အပြန်အလှန် ရရှိကြောင်း။

နိုင်ငံတော်အကြီးအကဲလမ်းညွှန်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် လုပ်ငန်းစဉ် ငါးရပ်တွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးဟု ပါဝင်ရာ ကျေးရွာတိုင်း သောက်သုံးရေ ရရှိရန် ဝိုင်းဝန်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရေအသက် တစ်ရက် ဆိုသည့်အတိုင်း ရေရှင်သန်မှ ကျေးရွာရှင်သန်ဖွံ့ဖြိုး တိုးတက်မည်ဖြစ်သည့် အတွက် ရေလှူရသည့်အတွက် အလွန် ဝမ်းမြောက်ပြီး ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ကြီးကြပ် ဆောင်ရွက်ပေးခဲ့သော ပုဂ္ဂိုလ်အားလုံးနှင့် အတူပူးပေါင်းဆောင်ရွက်ပေးကြသော သဲမောင်းကန်ကျေးရွာသူ ကျေးရွာသားများအား ကျေးဇူးတင်ရှိ ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။

ထို့နောက် စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များ၊ ရေတွင်း၊ ရေကန်၊ ရေစက်ရုံများကို ကျေးရွာ စက်ရေတွင်း ထိန်းသိမ်းရေး ကော်မတီသို့ စည်ပင်သာယာ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်က စနစ်တကျ လွှဲပြောင်း ပေးအပ်သည်။ နောက်ဆုံးအစီအစဉ်မှာ သဲမောင်းကန်စက်ရေတွင်း ဖွင့်ပွဲကို ကျွန်မနှင့် ခင်ပွန်းက ရွာသူရွာသားများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်ပေးရာ မိုးပျံပူဖောင်းများ ဝေဟင်သို့ ခုန်ပျံတက်ကြွသွားသလို ရွာလုံးကျွတ် မြူးထူး ပျော်ရွှင်စွာ တီးလိုက်သော လက်ခုပ်သံများမှာလည်း ဝေဟင်သို့ လျှံထွက်သွားသည်။

စက်ရေတွင်း ဖွင့်ပွဲအပြီးတွင် ရေစက်ရုံရှိရာသို့ ရေကန်မှ ရေပိုက်လုံးများကို တစ်လုံးစီ ဖွင့်ပေးလိုက်ရာတွင် ရေပိုက်များမှ ကြည်လင်အေးမြသော ရေချို၊ ရေသန့်များ တဝေါဝေါထွက်လာကြသည်။ ရွာသူရွာသားများ ပျော်ရွှင်စွာ ရေအိုးကိုယ်စီ၊ ရေပုံးကိုယ်စီ၊ နွားလှည်းများ၊ စည်ပိုင်းများနှင့် ရေလာခပ်ကြသည်မှာ ရွာလုံးကျွတ်ပင်။ ဝမ်းသာလွန်း၍ သက်ကြီးရွယ်အိုများမှာ မျက်ရည်လည်ကြသည်။ ငယ်ရွယ်သူများက ထိုင်၍ ကန်တော့ကြသည်။ တစ်ရွာလုံး ပြုံးရွှင်လျက် ကျွန်မတို့၏ လက်များကို အားရဝမ်းသာ ဆုပ်ကိုင်ကြသည်။ ကျောက်ဆည်ဆင်ကြီးကလည်း အားနှင့်မာန်နှင့် အလှဆုံးကပြနေ၍ မင်္ဂလာဆုများ ပေးခဲ့သည်။

ကျေးရွာကလေးမှာ အိမ်ခြေ ၃၂၀၊ လူဦးရေ ၁၄၂၂ဦးရှိသည်။ ကျွန်မတို့ အပြန်တွင် ရပ်ရွာလူကြီးများ လိုက်ပို့ကြသည်။ ရွာဦးစေတီသည် ရွှေရောင် တဝင်းဝင်းနှင့် သပ္ပာယ်လှသည်။ ရွာဦးစေတီအား ဖူးမြော်၊ ရွာဦးကျောင်း ဘုန်းတော်ကြီးအား ရှိခိုးကန်တော့ခဲ့သည်။ ရွာဦးစေတီအနီးတွင် အခြေခံပညာမူလတန်းကျောင်းကလေးသည် မန်ကျည်းပင်များ အုံ့ဆိုင်းလျက်။ ကျောင်းဝင်းကလေးမှာ သန့်ရှင်းသပ်ရပ်လှသည်ကို တွေ့ရသည်။

ကျောင်းအုပ်ဆရာကြီးနှင့် တွေ့ခဲ့ရာ ဆရာကြီးက.....

"ကျွန်တော်တို့ သဲမောင်းကန်ကျေးရွာတော့ ရှေ့လျှောက် ဖွံ့ဖြိုးတိုးတက်တော့မယ်။ ရဟန်းရှင်လူအားလုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ရေအကျိုး ဆယ်ပါးအားလုံးနှင့် ပြည့်စုံကြပါစေခင်ဗျာ"ဟု ဝမ်းသာအားရ ပြောကြားသဖြင့် ကျွန်မတို့ မိသားစုလည်း ဝမ်းမြောက်ဝမ်းသာဖြင့်.....

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"ဟု ပြော၍ နှုတ်ဆက်ကာ မဟာမြတ်မုနိဘုရားဖူးရန် မန္တလေးသို့ ခရီးဆက်ခဲ့ကြသည့် ထိုနေ့ကို ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။

မန္တလေးတိုင်းတွင် ယနေ့အထိ မြို့နယ်လုံးကျွတ်ရေရရှိရေး ကြေညာနိုင်သည့် မြို့နယ် သုံးမြို့နယ်ရှိရာ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် မြင်းခြံမြို့နယ်တို့ဖြစ်ကြကြောင်း သိရသည်။

၂၀၀၄–၂၀၀၅ခုနှစ်တွင် ဆက်လက်ကြေညာနိုင်မည့် မြို့နယ် လေးမြို့နယ်မှာ–

စဉ့်ကိုင်မြို့နယ်၊ သာစည်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့ဖြစ်ကြကြောင်း ကြားသိခဲ့ရသည်။

မြို့နယ်လုံးကျွတ် ရေရရှိရေးအတွက် ဒေသအာဏာပိုင်များ၊ အလှူရှင်များနှင့် လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ရာ ရွှေပြည်တန်သည့် ရေကြည်ရေသန့်များ တစ်နိုင်ငံလုံး ရရှိရန်အတွက် ပြည်သူလူထု တစ်ရပ်လုံး စေတနာ၊ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာများဖြင့် ပူးပေါင်းညီညွတ်ကာ ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

သဲမောင်းကန်ကျေးရွာ အလှူရှင်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင် ဦးဝင်းဆွေ၊ ဇနီး သီဟသုဓမ္မသင်္ဂဳ ဒေါက်တာဒေါ်ရီရီလှ(ယုဝတီခင်ဦး)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

သဲမောင်းကန်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲနေ့က စက်ရေတွင်းမှ ရေများကို ရွာသူ ရွာသားများ သယ်ယူနေစဉ်။

ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ပင်များ အထွက်တိုးစေရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်၍ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

၁။ အတန်းစိုက် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် (၃)လက်မခြား ခွာ၍ ပင်ကျဲနုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် (၆)လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မှုန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅–၂၀) ရက်သားတွင် တစ်ကြိမ်နှင့် တစ်ကြိမ် (၃၀–၃၅) ရက်သားတွင်တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေသြဇာကို တစ်ဧကလျှင် ၁၂ ဒသမ ၅ ကီလိုနှုန်း ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက် ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ရွက်စားခူမွှေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မှဲ့စွန်းရောဂါနှင့် မြစ်ပုတ်ရောဂါများတွေ့ရှိက အပင်လိုက် နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချဉ်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် ရောင်မညီကွက်ကြား (mosaic) ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ပင်လောင်း၌ ကျင်းပ

ပင်လောင်း ဇွန် ၄

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပင်လောင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပင်လောင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း ခန်းမဆောင်တွင် မေ ၃၀ရက်က ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ)ဦးအေးသိန်း၊ ပင်လောင်းမြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျောင်းသူကျောင်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနမှ သူငယ်တန်းကျောင်းသုံး ဖတ်စာအုပ် အစုံ ၃၆၀၀၊ ပညာရေးဝန်ကြီးဌာနကိုယ်စား ပြည်နယ်ပညာရေးမှူးက ခဲတံ ၃၄ဒါဇင်၊ ပင်လောင်းမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသူကျောင်းသားများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ပံ့ငွေကျပ်တစ်သိန်း၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘပြည်သူများက ထောက်ပံ့ငွေကျပ် ၆၇၅၀၀၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဗလာစာအုပ်ဒါဇင် ၂၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဗလာစာအုပ်ဒါဇင် ၂၀၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီက ဗလာစာအုပ် ဒါဇင် ၂၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရိုင်ဥက္ကဋ္ဌဖလား ရှစ်မြို့နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

သာယာဝတီ ဇွန် ၁၉

သာယာဝတီခရိုင် ဥက္ကဋ္ဌဖလား ရှစ်မြို့နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ရက်က ခရိုင်အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး (**အပေါ်ပုံ**)ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ပထမဆုရ လက်ပံတန်းမြို့နယ်အသင်းကို ခရိုင်ဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယဆုရ နတ်တလင်းမြို့နယ်အသင်းအား ခရိုင်ရဲမှူးဟန်သောင်းကလည်းကောင်း၊ တတိယဆုရ မင်းလှမြို့နယ်အသင်းအား ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ကလည်းကောင်း၊ ကျန်ဆုများကို တာဝန်ရှိသူများကလည်းကောင်း အသီးသီးပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများမြကန်သာပန်းဥယျာဉ် သန့်ရှင်းလှပ စေရေးအတွက် ပန်းခြံအတွင်းရှိ ပေါင်းမြက် ချုံ နွယ်များကို ဇွန်၁၃ရက်က ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ရာ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မေ၂၈ရက်ကမိုးမိတ်မြို့မြရည်နန္ဒာပန်းဥယျာဉ် သစ်သားခြံစည်းရိုးကာရံခြင်းကို မိုးမိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမြတ်ကောင်းတို့က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇွန် ၂ရက်က ငပုတောမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများက ဗိုလ်ချုပ်လမ်းမတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးမှုကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေး အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

သံတောင်ကြီးမြို့အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင် သံတောင်ကြီးမြို့နယ် ဟိုတယ်ဇုန်(၂)မြေထိန်း နံရံတည်ဆောက်ပြီးစီးမှုလုပ်ငန်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေအောင်သူတို့ မေ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့နယ်၌ မိုးနှမ်းအောင်မြင်

နွားထိုးကြီး ဇွန် ၁၀

နွားထိုးကြီးမြို့နယ်တွင် မိုးဦးသီးနှံများ နှစ်ဦးမိုးနှင့်အတူ စိုက်ပျိုးကြရာ မေ ၂၃ရက်က နေပူ၊ လေတိုက်၊ သဲဖုံးနေရာမှ ဘင်္ဂလား မုန်တိုင်းမိုးကြောင့် မိုးဦးသီးနှံများပင် ဖြစ်ထွန်းလာသဖြင့် မြို့နယ်တောင်သူတို့ နှစ်သက်ကြသည်။

မိုးဦးသီးနှံအတွက် ယခုနှစ်တွင် ယမန်နှစ်ကထက် မိုးဆက်လက်ရွာသွန်းမှု နောက်ကျသော်လည်း မှတ်သုံမိုး စရွာပြီဖြစ်၍ စိုက်ပျိုးကြသည့် မိုးဦးသီးနှံ ဧကသုံးသိန်းကျော် ထွန်ယက်စိုက်ပျိုးကြသည်။

မိုးလိုသော မိုးဦးစောသီးနှံများအတွက်ပင် မြစ်ရေရရှိလာ၍ နွားထိုးကြီးနယ်ထွက် မိုးနှမ်းလျှဉ် ပိုမိုအောင်မြင်သည်။ ဆီထွက်သီးနှံနှင့် မိုးဦးသီးနှံတွင် နှမ်းနှင့် ပဲစဉ်းငုံကိုအဓိက အားထားနေရာ နှမ်းမိုးစိုက်ပျိုးသော မိုးနှမ်းဧကတစ်သိန်းခွဲမှာ မြို့နယ်အတွက် ဆီထွက်ပိုလျှံမည်ဖြစ်ကြောင်း သိရသည်။ **(၂၂၇)**

မြန်မာ့အသံ

၁-၇-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
(မွေးမြူရေးရာပြန်ကြားလွှာ-၁၅)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဗုဒ္ဓ၏ တေဒဂ်ရအမျိုးသမီးများ (ဦးအောင်သိမ်းမြတ်)
(၂) အလင်္ကာရပ်ဝန်း ဝတ္ထုတိုစာစု (၂) (စာရေးဆရာ ၁၂ဦး)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(ကျန်းမာရေးအတွက် လေသန့်သန့် ရှူရှိုက်နိုင်ဖို့အကြောင်း- မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(သက်သတ်လွတ်အုန်းနို့ခေါက်ဆွဲ)

ညနေပိုင်း

၁၆း၂၀ ထီပေါက်စဉ်

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ
(ရွှေဝတ်မှုန်ထုံကာသင်းလေပြီ)

ဇွန် ၁၁ရက်က ရေစကြိုမြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကျော်နှင့် ဈေးတာဝန်ခံ ဝန်ထမ်းများက ရေစကြိုမြို့ မြို့မဈေးကြီးအတွင်း ရောင်းချသော ဈေးဆိုင်များအား ဝမ်းရောဂါ ကာကွယ်ရေးအတွက် ယင်နားစာ ကင်းရှင်းရေး ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို ပျဉ်းမနား၌ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကျင်းပ

ပျဉ်းမနား ဇွန် ၂၃

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၀ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ ဗိုလ်မှူးကြီးဝင်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နှင့် အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်များမှ ပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာဗိုလ်မှူးကြီးဝင်းမြင့်နှင့် ခရိုင် အမျိုးသမီးရေးရာနာယက ဒေါ်ကြင်မြိုင်တို့က သစ်ပင်များစတင်စိုက်ပျိုး၍ ဖွင့်လှစ်ပေးကြသည်။ သစ်ပင်များစိုက်ပျိုးရာတွင် သစ်ဆိမ့်ပင်၊ မဲဇလီ၊ ရေတမာ၊ စိန်ပန်းကြီး၊ စိန်ပန်းလေး၊ မဟော်ဂနီ၊ တမာသစ်ပင် စုစုပေါင်း ၁၀၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။ **(၀၉၉)**

မအူပင်မြို့အဝင်မုခ်ဦးနှင့် တံတားချဉ်းကပ်လမ်းတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ဇွန် ၁၉ရက်ကပြုလုပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစိုးနိုင်ဦး(ငြိမ်း) ဦးဆောင်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (က-



မူလတန်းကျောင်းဆိုင်းဘုတ်တင်ပွဲ ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဇွန် ၁၈

ရမည်းသင်းမြို့နယ် ရွှေဒါးတိုက်နယ် ဝွေးကုန်းကျေးရွာ အုပ်စု ဆည်တွင်းကျေးရွာ ကြံတိုင်းအောင်ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဦးဝိစိတ္တနှင့် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကျေးရွာအုပ်စု အသင်းတို့က ဦးစီးဖွင့်လှစ်သည့် အခြေခံပညာမူလတန်းကျောင်း ဆိုင်းဘုတ်တင် အခမ်းအနားကို ဇွန်၁၀ရက်က အဆိုပါ ကျောင်းအဆောက်အအုံတွင် ကျင်းပသည်။

ဆိုင်းဘုတ်စိုက်ထူ

ရှေးဦးစွာလက်ထောက်မြို့နယ်ပညာရေးမှူး ဦးကြိုင်နှင့် မြို့နယ် အသင်းအဖွဲ့ဝင်များနှင့် ကျေးလက်ပြည်သူတို့က ကျောင်းဆိုင်းဘုတ်အားစိုက်ထူကြပြီးနောက် ဓမ္မာရုံတွင်ကျောင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အမှုဆောင်ဦးအောင်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

(က-ပ)

ဇွန် ၁၀ရက်က ကရင်ပြည်နယ်ဘားအံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု သာမညကျေးရွာမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို သာမညတောရကျောင်း ရွှေဘုံသာကျောင်းဆောင်၌ ကျင်းပရာ ဘားအံခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောထွန်းလှမြိုင်က ဦးဖားဒူးကို ပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

အကြိမ် (၅၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ဂန့်ဂေါခရိုင်ထီးလင်းမြို့ပြည်သူ့ဆေးရုံမှ အမျိုးသားသူနာပြု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၏တပ်ခွဲမှူး ဦးအေးကြူသည် ထီးလင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇွန်၂၇ရက်က အကြိမ်(၅၀)မြောက်သွေးလှူဒါန်းကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ဖဆပလတိုက်(၈) အခန်း(၂၈)နေ ဒေါ်မော်မော်ကြည် (ခေတ္တဂျပန်)ကိုယ်စား မိခင်ကြီး ဒေါ်စောကြည်က ငွေကျပ်နှစ်သိန်း ကို ရွှေပြည်သာမြို့နယ် နာရေးကူညီမှုအသင်းသို့ ဇွန် ၂၁ ရက်က လှူဒါန်းရာ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနာဂိတ (ဒွိပိဋကဓရ ရွှေပြည်သာပရိယတ္တိ စာသင်တိုက်)နှင့် ဥက္ကဋ္ဌ ဦးမြတ်ဝေ၊ ဒုတိယဥက္ကဋ္ဌဦးတင်ဝင်းတို့က လက်ခံရယူစဉ်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ဇွန်၂၆ရက်က အထက(၂) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၏ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားစဉ်။

(၁၈၀)

မင်းဘူးမြို့နယ်ရှိ ပြည်သူ့ပန်းခြံသာယာလှပရေးအတွက် အဆင့်မြင့်မွှမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၏ လုပ်အားဖြင့် ပန်းခြံအတွင်း မြက်ခင်းပလက်ဖောင်းများတွင် စိုက်ပျိုးထားသော ပြည်သူ့ပန်းခြံအဝင်လမ်းကို ဇွန် ၁၄ရက်က တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

ကြိုဆိုဂုဏ်ပြုခြင်း

သမဝါယမဘဏ်လီမိတက် **C B BANK** သည်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (Public Limited Company) အဖြစ်
(၁၅-၆-၂၀၀၄) ရက်နေ့မှ အစပြု၍ ခိုင်မာစွာပေါ်ပေါက်လာသည့်အတွက်
လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ဦးမျိုးခင် + **Dr.** ဒေါ်ကြည်ကြည်အောင်
Myanmar K. Limited.

KMD Computer Centre

❖ Fully Air Conditioned ... Hand out, 10 years Old Questions and Answers, Text book ... B.Com., R.L ...

LCCI
Accounting Course
Level I,II
Book-keeping & Accounts
Commencing Date
3 July 2004
(10:30 - 1:30)
Sat,Sun

ချမ်းနိုင်(စိတ်ပညာ)

လေလှိုင်း

T.V, Video နှင့် Satellite များကို သင့် စိတ်တိုင်းကျ အိမ်အရောက်လာ၍ ပြုပြင်တပ်ဆင်ပေးသည်။ **ဦးသက်နောင်ဝင်း**
Electronic Technician
ဖုန်း- ၅၄၅၃၆၁

အမည်ပြောင်း

အဖဦးသိန်းလွင်၏သား ရန်ကုန်တိုင်း တွံတေးမြို့ အထက သတ္တမတန်း (A)မှ မောင်ညိုမင်းလွင်အား ယနေ့မှစ၍ မောင်ရဲထိုက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရဲထိုက်အောင်။

လက်ထပ်ပြီးစီးခြင်း

မောင်နိုင်ထွန်းအောင် (နိုင်နိုင်)
(Dip.in E.C.C Nanyang Polytechnic
1st year Electronics, National University of Singapore)
Associate Engineer Chartered Semiconductor Manufacturing, Singapore

နှင့်

မမြတ်မြနွယ်
(Dip.in Nursing)
(Asst. Nurse, National Kidney Foundation, Singapore)
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ Singapore Registries of Marriages တွင် (၂၉-၅-၂၀၀၄)နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ထွန်းအောင်-မမြတ်မြနွယ်

အမည်ပြောင်း

ဦးမောင်မောင်ဦး၏ သမီးဖြစ်သူ အမက(၃) ဗဟန်း Grade-3(ခွာညိုဆောင်)မှ မမေသဇင်အား ယနေ့မှစ၍ မအိန္ဒြာသဇင်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မအိန္ဒြာသဇင်မင်း။**

အမည်ပြောင်း

ဦးထွန်းသန့်၏သားဖြစ်သူ အထက(၅) ဗိုလ်တထောင် သတ္တမတန်း(C)မှ မောင်အောင်မင်းအား မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင့်မြတ်။**

SHINE AC-DC

မွေးနေ့ဆုတောင်း

Used Excavator (Back-hoe) နှင့် Bulldozer
(MON - SAT)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈ျ/၆၅၄၃ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း။

Tender for 4WD Station Wagon

GRET-Agriculture and Food Security project in North of Rakhine State of Myanmar seeks to rent the following vehicles, through competitive bids.

4WD Station Wagon 2 units
(minimum 7 to 10 seater)
Diesel Engine
These vehicles will be based in Maungdaw, Rakhine State.

Tender application should be submitted to GRET Yangon office by 2nd July 2004.

For detailed tender conditions, please contact GRET Yangon office at the following address 24(L), Nat Mauk Avenue Street, Kokine, Bahan Tsp, Yangon. Ph. 540694, 545912.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)8/MR(ML) 2004-2005	Tin Ingot	5000 Kgs

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၁၂-၇-၂၀၀၄ (တနင်္လာနေ့) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၂-၇-၂၀၀၄ (တနင်္လာနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၆-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၆၀၅၊ ၆၁၂

ဦးမြင့်ဝင်း (ပုသိမ်မြို့)
Director, Ericsson Company, Sweden (Retired)
အသက်(၆၀)

ပုသိမ်မြို့နေ (ဦးလှမောင်-ဒေါ်ခင်နွဲ့)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၉၉(A) ၂/၁၊ သံလွင်လမ်းနေ ဒေါက်တာဒေါ်ခင်အေးမူ(မေ့ဆေး)၏ခင်ပွန်း၊ မခင်သီရိဝင်း(APO, UNICEF)၊ မောင်ဥက္ကာဝင်း(ခေတ္တ-UK)၊ မောင်ချမ်းမြေ့ဝင်း(ခေတ္တ-USA)တို့၏ဖခင်၊ ပုသိမ်မြို့နေ ဦးမြင့်ဦး၏ညီ၊ ဦးမြင့်သန်း(Ericsson)-ဒေါ်ခင်ချို၊ ဦးမြင့်စိုး၊ ဦးတင်ထွန်း(Ericsson)-ဒေါ်သူသူဝင်း၊ ဦးထင်ကျော်-ဒေါ်အေးအေးမြင့်တို့၏အစ်ကိုကြီး၊ မခင်သန္တာမြင့်၊ မောင်ထက်အောင်မြင့်၊ မခင်ဖြူစင်ဝင်း၊ မခင်သိမ့်ရည်ဝင်း၊ မောင်အာကာကျော်တို့၏ဘကြီးသည် ၂၉-၆-၂၀၀၄ရက် နံနက် ၅း၃၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၆-၆-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားသော ဒေါ်နော်ရှယ်စောအား မကျန်းမာစဉ် ပြုစုပေးသော ဆရာဝန်ကြီးများ၊ သူနာပြုများ၊ သိက္ခာတော်ရ ဆရာကြီးများအားလည်းကောင်း၊ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝ၌ လာရောက်ကူညီကြသော အသင်းတော်မှ သိက္ခာတော်ရဆရာတော်များ၊ ဆရာများ၊ အသင်းသားများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို များစွာကျေးဇူးတင်ရှိပါကြောင်း။

၃-၇-၂၀၀၄ရက် နံနက်၉နာရီတွင် ဒေါ်နော်ရှယ်စောအတွက် အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်း အစည်းအဝေးပြုလုပ်မည်ဖြစ်ပါ၍ မိတ်ဆွေအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော် (ဒေးဒရဲ)
တိုင်းသ/မဦးစီးဌာနခွဲမှူး(ငြိမ်း)
အသက်(၈၇)နှစ်

ဒေးဒရဲမြို့နေ (ဦးမောင်ကြီး-ဒေါ်သီလှ)တို့၏သား၊ ဆရာကြီး(ဦးဘရှိန်-ဒေါ်အုံး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁)ရပ်ကွက်၊အောင်မေတ္တာ ၆ လမ်း၊ အိမ်အမှတ် ၃၀၁နေ ဒေါ်ခင်မြင့်(အငြိမ်းစား၊ကျောင်းအုပ်ဆရာမကြီး)၏ခင်ပွန်း၊ ဦးခင်မောင်တင့် (ပြန်/ဆက် ဦးစီးအရာရှိ၊ ငြိမ်း)၊ ဦးခင်မောင်မြင့် (ဒုတိယညွှန်မှူး၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)-ဒေါ်တင်ပု(လ/ထတိုင်းစီမံကိန်းမှူး၊ ငြိမ်း)၊ ဒေါ်ရင်ရင်သန်း (ဌာနစုမှူး၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)၊ ဦးစံမောင်ဦး-ဒေါ်ခင်အေးကြွယ် (ဒေးဒရဲ)၊ ဦးမျိုးလွင်-ဒေါ်ရင်ရင်သောင်း (ဦးစီးအရာရှိ၊ နယ်စပ်စည်ပင်)၊ ဦးအုံးကြည် (တပ်မတော်-ရေ) - ဒေါ်လှလှအေး (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးမျိုးညွှန့်-ဒေါ်ကြူကြူဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးငွေသွယ် (ပုသိမ်)
အသက်(၈၈)နှစ်

ပုသိမ်မြို့၊ အမှတ် ၁၂၆၊ ကမ်းနားလမ်းနေ (ဦးအခွေ-ဒေါ်ဆင့်)တို့၏သား၊ ဒေါ်ဖွားစိန်၏ခင်ပွန်း၊ ဦးကြည်ဝင်း(ဒုညွှန်မှူး၊ ငြိမ်း၊ ဆမ၊ အကြံပေး၊ Max Myanmar Co., Ltd.)-ဒေါ်ခင်မြင့်၊ ဦးစောဝင်း(အထွေထွေမန်နေဂျာ၊ အထည်၊ စက်မှု-၁)-ဒေါ်မြင့်မြင့်ကြူ၊ ဦးရဲဝင်း(ဦးစီးအရာရှိ၊ ဆမ၊ ITC ပဲခူး)-ဒေါ်မြင့်မြင့်စမ်း၊ ဒေါ်နယ်လီ(ဗဟိုသ/မ)၊ ဒေါ်ဟန်ကြည်(အထက-၃၊ ပုသိမ်)တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) ည ၇ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ [အမှတ် ၅၈၉(B)၊ ရွှေနှင်းဆီ ၄ လမ်း၊ ရှစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝင်း (ပုသိမ်မြို့)
Director, Ericsson Company, Sweden (Retired)
အသက်(၆၀)

ပုသိမ်မြို့နေ(ဦးလှမောင်-ဒေါ်ခင်နွဲ့)တို့၏သား၊ရန်ကုန်မြို့၊ အမှတ် ၉၉(A) ၂/၁၊ သံလွင်လမ်းနေ(ဦးတင်ဝင်း-ဒေါ်လှခင်)တို့၏သားသမက်၊ ဒေါက်တာဒေါ်ခင်အေးမူ(မေ့ဆေး)၏ခင်ပွန်း၊ မခင်သီရိဝင်း(APO, UNICEF)၊ မောင်ဥက္ကာဝင်း(ခေတ္တ-UK)၊မောင်ချမ်းမြေ့ဝင်း(ခေတ္တ-USA)တို့၏ဖခင်၊ ဦးမြင့်အေး-ဒေါက်တာမာလာယဉ်(UK)၊ ဗိုလ်မှူးချုပ်မြင့်စိုး-ဒေါ်မာလာမြင့်၊ ဦးတင်ထွန်း(Ericsson)-ဒေါ်သူသူဝင်း၊ ဦးသန်းငြိမ်း 2nd Engineer(Uniteam Marine Co.,Ltd.)-ဒေါ်လှလှဝင်းတို့၏အစ်ကိုကြီး၊ ဗညားစိုး၊ ဖြိုးဝေစိုး၊ မျိုးဝေစိုး၊ မင်းထူးနိုင်၊ ခင်ဖြူစင်ဝင်း၊ ခင်သိမ့်ရည်ဝင်း၊ ခင်ရည်မွန်ဝင်းတို့၏ဘကြီးသည် ၂၉-၆-၂၀၀၄ရက် နံနက် ၅း၃၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်မြင့်(ခ)ဦးညိုကြီး (ငြိမ်း)
မော်ကွန်းဝင်ဒုတိယဆင့်
ဝါးခယ်မ/မအူပင်မြို့နယ်အသင်းနာယက
အသက်(၇၇)နှစ်

ဝါးခယ်မမြို့နေ(အငြိမ်းစားရဲဝန်ထောက်မင်း ဦးမောင်မောင်ကြီး-ဒေါ်မြရွှေ)တို့၏သား၊ (ဦးမောင်လေး-ဒေါ်မြ)တို့၏သားသမက်၊ (ဦးကြည်မောင်-ဒေါ်တင်တင်ညွန့်)၊ (ဦးကျော်မြင့်)-ဒေါ်ကြည်စိန်တို့၏ညီ/မောင်၊ (ဦးသံဒိုင်-ဒေါ်သိန်းသိန်း)၊ (ဦးခင်မောင်ချို-ဒေါ်ခင်မေရီ)၊ (ဦးတင်လှ)-ဒေါ်နန်းယံတို့၏အစ်ကို၊ အမှတ် ၅၄၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်အုန်းရှင်၏ခင်ပွန်း၊ ဦးစန်းမောင် (မြို့ရွာအိုးအိမ်၊ တွဲဖက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်)-ဒေါ်ချိုချိုမြင့်(မြို့ရွာအိုးအိမ်)၊ ဦးထိန်အောင်လင်း-ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်(အမက-၁၉၊ တောင်ဒဂုံ)၊ ဦးရဲအောင်(ခြင်းလုံး)-ဒေါ်နှင်းဆီဆွေ၊ ဒုအရာခံဗိုလ်မျိုးသန့်(တပ်မတော်ဆေးရုံကြီး)-ဒေါ်သင်းသင်းမြင့်၊ (ဦးမိုးကျော်သူ-ဒေါ်ညိုညိုဆင့်)၊ ကိုသန်းထိုက်-မခင်ခင်မိုး၊ ကိုမျိုးဆွေ-မသဇင်အေးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၀၄ရက် ၁၀း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမ
ဒေါ်သန်းခင် (မုံရွာ)
အသက်(၇၃)နှစ်

မုံရွာမြို့၊ အလယ်ရပ်၊ ဓမ္မာရုံလမ်း၊ ချင်းတွင်း ရတနာဈေးတောင်ဘက်နေ ဦးနီ၏ဇနီး၊ မယဉ်ယဉ်အေး၊ ကိုအောင်နိုင်-မလှဝင်းမေတို့၏မိခင်သည် ၂၃-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် မုံရွာတောင် ဆားကျင်းသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြစိန် (စမ်းချောင်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၄၄၊ အခန်း ၃၀၃နေ(ဦးဘိုးသိန်း-ဒေါ်သဲဖြူ)တို့၏သမီး၊ (ဦးရွှေသိန်း)၏ဇနီး၊(ဦးညွန့်လှိုင်)-ဒေါ်ကြင်မြိုင်၊ ဦးမျိုးလွင်(မော်တော်ယာဉ်၊သစ်လုပ်ငန်း၊ငြိမ်း)-(ဒေါ်ထွေးစိန်)၊ ဦးဘထူး(လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-(ဒေါ်မြသီ)၊ ဦးထိန်းအောင်(လ/ထ ညွှန်မှူး၊ က-ည-န၊ ငြိမ်း)-ဒေါ်အေးမြင့်၊ ဦးတင်လှိုင်-ဒေါ်ငွေရီမ်း၊ (ဦးထွန်းလင်း)-ဒေါ်ကြည်လေးတို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ် ၂၆ ယောက်တို့၏အဘွားသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင်မြောက်ဒဂုံ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည် (ခုနစ်မိုင်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးမာလာ-ဒေါ်စိန်ပွင့်) ခုနစ်မိုင်တို့၏ သမီးကြီး၊ (ဦးလှ-ဒေါ်မယ်ငြိမ်း) ကမ္ဘာအေးတို့၏ သမီးချွေးမ၊ (ဦးထွန်းမြင့်)၏ဇနီး၊ (ဦးမြသောင်း)၏မိခင်၊ (ဦးဘိုဖြူ)-ဒေါ်တူး၊ (ဦးညွန့်ရွှေ)-ဒေါ်ငွေစီ၊ ဦးမောင်ဝင်း-(ဒေါ်ခင်သန်းကြွယ်)၊ ဒေါ်စောမြင့်တို့၏အစ်မကြီး၊ တူ တူမ ၂၁ ယောက်တို့၏ ကြီးကြီး၊ မြေး ငါးယောက်တို့၏ ဘွားဘွားကြီးဖြစ်သူ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၄(ပထမထပ်)နေ ဒေါ်ခင်ကြည်သည် ၂၈-၆-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂း၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်လှိုင်(ခ)
ဂီတစာဆိုစောယုလှိုင်
စား/ဖျော်/ရှင်း(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက် ၃၊ အခန်း ၃၀၂ နေ (ဦးမောင်ခင်-ဒေါ်အေးကြည်)တို့၏သား၊(ဦးဘိုးရှိန်-ဒေါ်စိန်ဖော့)တို့၏သားသမက်၊(ဦးလှ)-ဒေါ်လှကြည်၊ (ဦးလှမောင်)တို့၏တူ၊ ဦးထွန်းအောင်-ဒေါ်လှမြင့်၊ ဦးလှဖေ-ဒေါ်ကျင်ငွေတို့၏မောင်၊ ဒေါ်ကျင်ရွှေ၏ခင်ပွန်း၊ ဦးဘိုသောင်း-ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဝင်းဝင်းမြင့် (333 စတိုး၊ မေရှော ပင်းစင်တာ)၊ ဒေါ်ဝင်းဝင်းမြိုင်(မဝါ)တို့၏ဖခင်၊ မသန့်ရွှန်းလက်သောင်း (X.Aအထက-၂၊ကမာရွတ်)၏အဘိုးသည် ၂၈-၆-၂၀၀၄ရက် (တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးစောမောင် (ဝမြို့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စံပါယ်လမ်း၊ အမှတ် ၈၊ ငါးလွှာ၊ စောရန်ပိုင်အနောက်ရပ်ကွက်နေ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ကိုကျော်သာဦး(SMI Co., Ltd.)-မသင်းသင်းအေး၊ မသန်းသန်းငွေ၊ ကိုတင့်နိုင်-မနန်းမြမြဝင်း၊ မလှလှထွေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဇော်မိုး
အကြီးတန်းစာရေး(စီမံ၊တွဲဖက်) (ကကငွေ)
အသက်(၃၇)နှစ်

အမှတ် ၄၁၊ ဥဩာသုခလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဒုအရာခံဗိုလ်တင်အောင်)-ဒေါ်ခင်ဆင့်(စား/ထွေ၊ ငြိမ်း)တို့၏သား၊ အမှတ် ၉၆၆၊ ပိတောက်ရွှေဝါလမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးမော်ထိန်-ဒေါ်အုန်းမြိုင်(ခ)ဒေါ်စန်းတို့၏သားသမက်၊ ဒေါ်တင်တင်အေး(အထက-၂၊ မင်္ဂလာဒုံ)၏မောင်၊ ဗိုလ်ရဲလင်းအောင်-(ဒေါ်မော်မော်အောင်)တို့၏အစ်ကို၊ မသဥ္ဇာမော်အောင်(Grate IB ၊ အထက-၂၊ မင်္ဂလာဒုံ)၏ဦးလေး၊ ကိုမြအောင်-မခင်ရွှေသိန်း(လဝက)၊ ကိုချမ်း အောင်(Asia World Co.,)-မစန်းစန်းအေး(ဗဟိုဘဏ်)တို့၏မောင်၊ ကိုခင်မောင်အေး၊ ကိုမျိုးအောင်-မဝင်းမာဆွေ၊ မောင်ဝင်းကျော်တို့၏အစ်ကို၊ ဒေါ်စန်းစန်းဝင်း(ဗဟိုဘဏ်)၏ခင်ပွန်းသည် ၂၈-၆-၂၀၀၄ရက် (တနင်္လာနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည်
(ထန်းမနိုင်/မော်ဘီ)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ၃ လမ်း၊ အမှတ် ၆၂၇(A)နေ (ဦးအောင်လှ- ဒေါ်စိမ်းညွှန့်)တို့၏သမီး၊ ဦးသောင်းညွှန့်(ဗိုလ်ကြီး၊ ငြိမ်း)၏ဇနီး၊ ဦးတင်ဝင်း (အင်ဂျင်နီယာ)-ဒေါ်အေးဝင်း (နှင်းဝေဝေစတိုး၊ အမှတ် ၂၂၉၊ ၄၀လမ်း၊ အလုံ)တို့၏မိခင်၊ မမေနှင်းအေး (1st year EPH)၊ မောင်ဖြိုးဝေဝင်း (X-B ,TTC)တို့၏အဘွားသည် ၂၉-၆-၂၀၀၄ရက်(အင်္ဂါနေ့)နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၀၄ရက်တွင် အထက်ပါ ရွှေနှင်းဆီ ၃ လမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အေး
အိမ်မဲမြို့နယ်အသင်းနာယက
အသက်(၇၁)နှစ်

ဧရာဝတီတိုင်း၊ အိမ်မဲမြို့၊ ကျွဲလမ်းနေ (ဦးချစ်ဖြူ-ဒေါ်စိန်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊အမှတ် ၁၁၂၊ ရွှေဘုံသာ(အလယ်)လမ်းနေ (ဦးငြိမ်း)၏ဇနီး၊ ဦးကျောက်ဒိုး-(ဒေါ်မြိုင်)တို့၏ညီမ၊ (ဦးချွန်)-ဒေါ်မြရင် (ဒေါ်မြရင် အလှကုန်)တို့၏ ညီမ၊ ဦးကျော်ခင်-ဒေါ်လှနွယ်၊ (ဦးကျော်သိန်း)-ဒေါ်စန်းမြိုင်တို့၏အစ်မ၊ (ဦးစိန်မြင့်)-ဒေါ်ကြည်ကြည်စန်း၊ ဒေါ်မူမူ (ကြာညိုသင်းအလှကုန်)၊ (ဦးလှဝင်း)-ဒေါ်စောရင်၊ ဦးလှအောင်-ဒေါ်ဖြူဖြူ (ဦးသန့်ဇင်)၊ (ဒေါ်မြင့်မြင့်သန်း)၊ ဦးရဲထွဋ်အောင်-ဒေါ်နုနုရင်(ကြာညိုသင်း အလှကုန်)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အုန်း (ဟင်္သာတ)
အသက်(၇၆)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊ ဣန္ဒာ ၉ လမ်း၊ အမှတ် ၇၆၈ နေ (ဦးမောင်သင်-ဒေါ်မယ်ခန့်)တို့၏သမီး၊ ဦးထွန်း၏ဇနီး၊ ကိုလှသိန်း (မထသ၊ ရုံးချုပ်)-ဒေါ်မြင့်မြင့်ကြည်(အမက-၇၊ မြောက်ဒဂုံ)၊ မမြမြစန်း(ပုဝါ-၂၃)၊ ကိုဟံငွေး-မရင်ဖြူ၊ မောင်ကိုကိုလေးတို့၏မိခင်၊ မောင်အောင်ကျော်ဇော၊ မအေးချမ်းမြင့်ကြည်၊ မောင်နေလင်းအောင်၊ မဇင်နှင်းဝေတို့၏အဘွားသည် ၂၈-၆-၂၀၀၄ရက် (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ချင်ကင်ဖူး(ခ)
ဦးခင်အောင်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈ လမ်း၊ အမှတ် ၂၂၉ (ပထမထပ်ယာ)နေ (ချင်အိစီ-အင်ကင်ပိုင်)တို့၏သားထွေး၊ (လီရိန်ရှုပ်-လူယူခန်)တို့၏သားသမက်၊ ဒေါ်ခင်အေး(ခ)လီဂန်ဖုန်၏ခင်ပွန်း၊ (ချင်ကိန်ဖူး)၊ (ဦးအေးမောင်-ဒေါ်ရီ)၊ ဦးအောင်-ဒေါ်ရွှေတို့၏ညီ/မောင်၊ ဒေါ်မေယဉ်-ဦးသက်နိုင်၊ ဒေါ်မေဟုန်-ဦးကိန်းချူ၊ ဒေါ်မေလေး-ဦးလှတင်၊ ဒေါ်မေဖုန်-ဦးဝင်းအောင်၊ ချင်ကော့ခင်-လော်ရီလင်၊ ဒေါ်မေကြည်(ဥပဒေ)-ဦးသန်းဌေး၊ ဒေါ်မေထွိုင်-ဦးမင်းသန်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ခင်
ရှုမဝ၊စက်ဖိုမင်(ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ် ၂၁ နေ (ဦးတုတ်ပေါ-ဒေါ်မြမေ)တို့၏သား၊ (ဒေါ်မြသိန်း)၏ခင်ပွန်း၊(ကိုခင်သိန်း)-မခင်ရီ၊ကိုအောင်ဝင်း-မခင်မြရွှေ၊ မအေးအေးရီ၊ ကိုသိန်းထွန်းနိုင်-မခင်မြဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၂၀ နာရီတွင် ဿျှင်ပါဂူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးကျင်မောင် (ငြိမ်း)
အသက်(၇၄)နှစ်

သာယာဝတီခရိုင်၊ သုံးဆယ်မြို့နေ (ဦးခက်-ဒေါ်နု)တို့၏သား၊ ဝါးခယ်မမြို့နေ (ဦးခင်မောင်-ဒေါ်အေးကျော်)တို့၏သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ တကောင်း ၂ လမ်း၊ အမှတ် ၃၈ နေ ဒေါ်စန်းစန်း၏ခင်ပွန်း၊ ဒေါ်တင်၊ ဦးငြိမ်းမောင်-ဒေါ်သန်းခင်၊ (ဦးတင့်ဆွေ)-ဒေါ်ခင်အေးတို့၏အစ်ကိုကြီး၊ ကိုခင်ဝင်း-မမြသန္တာနိုင်၊ (ကိုဝင်းထိန်)-မမြစန္ဒာခိုင်၊ ကိုထွန်းနေမျိုး(MHTG)-မရင်ရင်ကြူ၊ ကိုရှင်ရဲထွဋ်(MSFL)၊ မစောကလျာ(MSFL)၊ ဗိုလ်ကြီးမျိုးမင်းသူ(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်အေးစန္ဒာလင်း (သရုပ်ပြ၊ ဓာတုဗေဒဌာန)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မာလာဖြူ
(Marina Bo Phyu)
အသက်(၅၉)နှစ်

အမှတ် ၁၃၃/၁၃၇၊ စက်ရုံလမ်း၊ ရေတွင်းကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ (S.P.C.A)ဝင်းနေ (ဦးဘိုဖြူ-ဒေါ်နွဲ့နွဲ့)တို့၏သမီးကြီး၊ (ဗိုလ်မှူးကြီးဆန်နီ)-ဒေါ်အေးသီတာမိုး၊ ဦးသောင်းရွှေ (အငြိမ်းစား၊ တပ်မတော်-လေ)-ဒေါ်ဝင်းဝင်းဖြူ၊ ဦးဇော်လင်း(အငြိမ်းစား၊ ထွေ/အုပ်)-ဒေါ်သိန်းသိန်း(ထွေ/အုပ်)၊ ဦးတင်အောင်-ဒေါ်ခိုင်စပါယ်ဖြူတို့၏ညီမ/အစ်မသည် ၂၉-၆-၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကြူ
အသက်(၇၁)နှစ်

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာနေ (အသင်းဝင်အမှတ်-၆၁၆) ဦးတိုး၏ဇနီး ဒေါ်ကြူသည် ၂၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကျောက်ဆည်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဒေါ်ကြူ
(ကျောက်ဆည်ကျေးရွာ၊ သရက်ချောင်းမြို့နယ်)
အသက်(၇၁)နှစ်

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာနေ (ဦးနန်းရင်-ဒေါ်မကွမ်း)တို့၏ သမီး၊ (ဦးအောင်မြ-ဒေါ်စောမေ)တို့၏ သမီးချွေးမ၊ ထားဝယ်မြို့၊ခုံဝင်းဒပ်ရပ်၊အမှတ် ၂၀၉နေ ဦးတိုး၏ဇနီး၊ကိုနိုင်ဝင်း-မစန္ဒာတို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည်၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျောက်ဆည်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်ကြည်အေး (ငြိမ်း)
အမှတ်(၂)၊တပ်မတော်ဆေးရုံ
အသက်(၆၉)နှစ်

အမှတ် ၅၉/ခ၊ အောင်သစ္စာလမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်စန်းနွဲ့၏ခင်ပွန်း၊ဒေါ်ခင်မာဆွေ (ဿျှင်ပါဂူအထူးကုဆေးခန်း)၊ ဆေးလက်ထောက် အရာခံဗိုလ်ကျော်အောင်လွင်-ဒေါ်ခင်မာချို၊ ဒေါ်စမ်းစမ်းအေး (အထက-၅၊ မရမ်းကုန်း)၊ ဦးဝင်းအောင်(ကုန်သည်)-ဒေါ်ခင်မော်သူ၊ ဦးတင်အောင်သူ-ဒေါ်နှင်းမိုးလှိုင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက် နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
Mohammed-Altaf-Khan
(ခ)ဦးချစ်ဆွေ
Radio-Officer
Singa Ship Management
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၉၆နှင့် အမှတ် ၃၆၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ရရှီဒါးဘေဂမ်(ခ)ဒေါ်ဝင်းဝင်း၏ခင်ပွန်း၊ ဦးချစ်စိန်၊ ဒေါ်အာရှာဘီ (Universal မျက်မှန်ဆိုင်)တို့၏ညီ၊ ဦးတင်ရွှေ-ဒေါ်ဆမူရာဆီဆီ၊ ဦးစိန်ဝင်း-ဒေါ်စန္ဒာဝင်း၊ ဦးလှမြင့်၊ ဒေါ်တင်တင်ဝင်း၊ ကိုချစ်သန်း(IMS Shipping Co.,Ltd.)၊ ဦးမြင့်ဆွေ(IMS Shipping Co., Ltd.)-ဒေါ်တင်တင်ရီ၊ ကိုနိုင်နိုင်ဦး-ဒေါ်တင်တင်လှတို့၏အစ်ကိုသည် ၂၈-၆-၂၀၀၄ရက် မွန်းလွဲ ၁း၁၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အဆွာရ်နမာဇ်အပြီး ရေဝေးစွန်နီကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကို၊ မောင်နှမများ။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
Mohammed-Altaf-Khan
(ခ)ဦးချစ်ဆွေ
Radio Officer
Singa Ship Management
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၉၆၊ ၂၈ လမ်းနှင့် အမှတ် ၃၆၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးမန်းဇူး-ဒေါ်မရန်တို့၏သား၊ ရရှီဒါးဘေဂမ်(ခ)ဒေါ်ဝင်းဝင်း၏ ခင်ပွန်း၊ ကိုအောင်ဝင်းဆွေ(SR.D/C Singa Shipping)-မခင်ဥမ္မာသန်း၊ ကိုမောင်မောင်ဦး (ZEAL International Co.,Ltd.)-မလဲ့လဲ့ဝင်း၊ မောင်ချစ်ညီညီ (SR. D/C Golden Eagle Shipping Co., Ltd.)-မရူပစန္ဒီတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူတော်သွားပါသဖြင့် ယင်းနေ့ညနေ အဆွာရ်နမာဇ်အပြီး ရေဝေးစွန်နီ ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တံတိုင်း၊တန်ဆောင်း၊မုခ်ဦး၊ ရေတွင်း၊ရေကန်ဒါယကာ
ဦးသိန်းဇော်
အသက်(၅၀)

မန္တလေးမြို့ ၁၈ x ၁၉ လမ်းနှင့် ၈၆ x ၈၇ လမ်းကြား၊ အကွက် ၁၂၆၊ ပင်းတလဲရပ်ကွက်နေ (ဦးညွန့်တင်-ဒေါ်အေးဆိုင်)တို့၏သား၊ ဦးမြင့်ဦး-ဒေါ်နန်ကွယ်၊ (ဦးမြင့်သိန်း)-ဒေါ်တင်တင်နိုင်၊ ဦးတင်ရွှေ-(ဒေါ်မူမူဆွေ)၊ (ဒေါ်နွဲ့နွဲ့ရီ)တို့၏ညီ/မောင်၊ ဦးခင်မောင်လွင်-ဒေါ်ခင်ဝင်းမာ၊ (ကိုတင်ယုလှိုင်)၊ (ကိုခင် ကျော်)-မလှလှဝင်းတို့၏အစ်ကိုကြီးသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်အောင်ခိုင်
(ဒုဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန)
အသက်(၃၆)နှစ်

သံတွဲမြို့၊ ငပလီရွာ၊ သုခရိပ်ငြိမ်နေ ဦးရဲမြင့် - ဒေါ်မေမေမြင့်တို့၏ သား၊ ကျောက်ဖြူမြို့နေ ဦးတင်ရွှေ-ဒေါ်လှမိုးစိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ငါးဦးစီးရုံး၊ ဒုတိယထပ်နေ မစန္ဒာလင်း၏ခင်ပွန်း၊ ဒေါ်ရီရီမြင့်(အထက၊ ငပလီ)၊ ဒေါ်နွယ်နွယ်ခိုင်၊ မစန်းစန်းဝင်းတို့၏ မောင်၊ မဆုမြတ်ထက်၊ ဦးရန်နိုင်စိုး[အင်ဂျင်နီယာ-၂၊ လမ်းတံတား၊ ရွှေပြည်သာ (SCT)] - ဒေါ်စိုးသန္တာထိုက်တို့၏ အစ်ကို၊ မောင်ဉာဏ်လင်းစိုး၊ မောင်မြတ်သုခ၊ မောင်ဟိန်းထက်ဇော်၊ မောင်မော်ကွန်းသစ်တို့၏ဦးကြီးသည် ၂၉-၆-၂၀၀၄ရက်တွင် မြောက်ဥက္ကလာပ ဝေဘာဂီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဝေဘာဂီအထူးကုဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းမြင့်ရွှေ
ကထိက၊ ပထဝီဝင်ဌာန၊ စစ်တွေတက္ကသိုလ်
(ယခင် စစ်တွေကောလိပ် ကျောင်းသားဟောင်း)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ သီရိမြိုင် ၈ လမ်း၊ အမှတ် ၄၁ နေ ဦးစံရွှေ(ကျန်းမာရေးမှူး၊ ငြိမ်း)-(ဒေါ်နော်စေးရာ)တို့၏သားထွေး၊ ဦးဝင်းမောင်-ဒေါ်ချိုတို့၏သားသမက်၊ ဒေါ်လှလှရွှေ (သမဦးစီး၊ ကမာရွတ်)၊ ဦးဖုန်းမြင့်ရွှေ (ဓာတ်ခွဲမှူး၊ မြောက်ဦးဆေးရုံ)-ဒေါ်အုန်းကြည်တို့၏ညီ/မောင်၊ ဒေါ်ဆွေဆွေသန်း(အလက-၄၊ လှိုင်)၏ခင်ပွန်း၊ မောင်ဆက်အောင်(X.C 2003-04, TTC)၊ မသဇင်စံ(VI-E ,TTC)တို့၏ဖခင်သည် ၂၅-၆-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁ နာရီတွင် စစ်တွေမြို့၌ ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၀၄ရက်တွင် စစ်တွေတက္ကသိုလ် ဝန်ထမ်းအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကြည်ဦး
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ ၁ လမ်း၊ အမှတ် ၂၆ နေ ဦးမြင့်သန်း(ဦးစီးအရာရှိ၊ မိုး/ဇလ၊ ငြိမ်း)-ဒေါ်သန်းစိန် (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)တို့၏သားကြီး၊ ဦးဟန်(လ/ထညွှန်မှူး၊ ဗဟိုစာရင်းရုံး၊ ငြိမ်း)-ဒေါ်နွဲ့ကြည်တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ခိုင်(မြန်မာ့သစ်လုပ်ငန်း)၏ခင်ပွန်း၊ မခိုင်ဇာသွင် (အလက-၃၊ အလုံ)၏ဖခင်၊ ဒုရဲအုပ်မြတ်သိန်းမိုး(အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး) - ဒေါ်ခင်ခင်လတ် (လ/ထကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မောင်ထွန်းအောင်ကျော်(မင်းဇာနည်ကုမ္ပဏီ)တို့၏အစ်ကို၊ မောင်ကျော်ဇင်သန့်(စံပြမူကြို၊ တန်းခွဲ-A)တို့၏ဘကြီးသည် ၂၈-၆-၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအောင်မြင့် (ငြိမ်း)
ဒုညွှန်ကြားရေးမှူး၊ စက်မှုစက္ကူဓာတု (သာပေါင်းမြို့)
အသက်(၅၄)နှစ်

ဝါးခယ်မမြို့နေ ပရီးမီးယားဆေးတိုက်မှ (ဦးမြသန်း-ဒေါ်ခင်သိန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးပွ-ဒေါ်အေးရင်)တို့၏သားသမက်၊ ရွှေပြည်သာမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၃၁/၁၃၉နေ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ မောင်အောင်နိုင်ဦး၊ မအေးမြသူ၊ မောင်အောင်မြင့်သူ၊ မောင်အောင်ကျော်သူ၊ မအေးငြိမ်းသူတို့၏ဖခင်သည် ၂၉-၆-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁း၄၅ နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကျယ်ပြန့်လာအောင် နိုင်ငံကြီးအချို့ဖန်တီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဖိအားပေးအကျပ်ကိုင်မှုအမျိုးမျိုးဖြင့် ဩဇာအာဏာရိပ်အောက်သွတ်သွင်း အချုပ်အခြာအာဏာပိုင်နိုင်ငံပီသစွာ နိုင်ငံတကာအလယ် တင့်တယ်ဝင့်ကြွားစွာ ရပ်တည်နိုင်ရေးရှေးရှု နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေသည့် နိုင်ငံတော်စီမံကိန်းများအောင်မြင်ရေး ကျရာကဏ္ဍကကြိုးပမ်း

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာကြသည့် စည်ပင်သာယာရေးအရာရှိများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် စည်ပင်သာယာရေးဦးစီးဌာနက တီထွင်ထုတ်လုပ်ထားသော မြေအနက်အမျိုးမျိုးကို တူးဖော်နိုင်သည့် စက်ရေတွင်းတူးဖော်စက်များ၊ ရွေ့လျားစက်ပြင်အလုပ်ရုံယာဉ်နှင့် ရေပေးရေးလုပ်ငန်းဆိုင်ရာ စက်ယန္တရားများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ (ဃ)အုပ်စုမှ ပြည်ထဲရေးအသင်းနှင့် တပ်မတော်(ကြည်း) (က)အသင်းတို့ သုဝဏ္ဏကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။ (သတင်း–၁၃) (မြန်မာ့အလင်း)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ

ယနေ့ပွဲ(၃၀–၆–၂၀၀၄)
ညနေ ၃း၃၀နာရီ
(အောင်ဆန်းအားကစားပြိုင်ဝင်း)
တံခွန်နှင့်
မြို့တော်စည်ပင်
(သုဝဏ္ဏကွင်း)
စွမ်းအင်နှင့်
ဆောက်လုပ်ရေး

မူးယစ်ဆေးဝါးပပျောက်ရေး ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်း အရှိန်အဟုန်မြှင့်တင်

သတင်းဆောင်းပါး – စိုးသိန်း

ရန်ကုန် ဇွန် ၂၉

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် လူမှုရေးစံနှုန်းများကို ထိပါးနစ်နာစေသည် သာမက ကမ္ဘာ့လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့က လက်နက်အဖြစ် အသုံးချခဲ့သည့် မူးယစ်ဆေးဝါးကို ရှေးမြန်မာမင်းများ လက်ထက်ကပင် တိုက်ဖျက်နှိမ်နင်းခဲ့ကြသည့်အပြင် ခေတ်အဆက်ဆက်အစိုးရများအနေ ဖြင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြသည့် သမိုင်းသာဓက အထောက်အထားများ ရှိခဲ့ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘောလုံးလောကသားတို့ သင်ခန်းစာယူစရာတစ်ပုံတစ်ပင် ယူရို ၂၀၀၄မှ ဖြစ်ရပ်စုံလင်မြင်ကွင်းကျယ်ပုံရိပ်များ

ကိုထွေး – စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၂၉

ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲကြီးကို ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ရက်မှ စတင်ကျင်းပလာခဲ့ရာ ကွာတားဖိုင်နယ်ပွဲစဉ်များပြီးဆုံး၍ အိမ်ရှင်ပေါ်တူဂီနှင့် အတူ ဂရိ၊ ချက်၊ ဟော်လန်အသင်းများသာ ကျန်ရှိတော့သည်။ ဆီမီးဖိုင်နယ်ရောက် လေးသင်းအနက် ဂရိအသင်းသည် ဥရောပဖလားဘောလုံးပြိုင်ပွဲများတွင် ၁၉၈၀ပြည့်နှစ် **စာမျက်နှာ ၁၃ ကော်လံ ၁** ●